တပေါ စ တော် မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၅၁)၊ အမှတ်(၁၁၂)


### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက် ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်၊လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်အားပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

**အယ်ဒီတာ့ အာဘော်**

(၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

# အမျိုးသားရေးအမြင်ကြည်လင်၍ ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်လာရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာ နေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ချိန်ခါတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ လမ်းတံတားများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ ဘူတာရုံ၊ လေယာဉ်ကွင်း၊ ခေတ်မီ ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းများစသည့် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူး ခြားခြား တိုးတက်ဖြစ်ထွန်းနေသည်ကို အထင်အရှား တွေ့မြင်နိုင်ကြသည်။

၁၆ နှစ်နီးပါးမျှ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယင်းကဲ့သို့ အောင်မြင် ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများ များစွာဖြစ်ထွန်းနေခြင်းဖြစ်သည်။ သို့သော်လည်း နိုင်ငံတော် တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်များ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည် ဖြစ်သည်။

ဩဂုတ်လ ၃ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနား၌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

**"အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် ပင်မဒေါက်တိုင်တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေး မျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင် အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာ ရေးအတွက် ပညာရေးကဏ္ဍက တာဝန်ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားဖွယ်ရာ လုပ်ငန်းများ များစွာရှိနေဆဲဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အနေဖြင့် ယနေ့နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာရပ်များ အပါအဝင် သိပ္ပံနှင့်နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ် ရည်မှန်းချက်များ ထားရှိပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ပြိုင်တည်းတွင် မိမိနိုင်ငံ၊မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အရေးကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှပေါင်းစည်းလက်တွဲ နေထိုင် လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီး၌ စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေကြပြီ ဖြစ်သည်။

ယင်းသို့သော အချိန်အခါမျိုးတွင် တက္ကသိုလ်ဆရာဆရာမများအားလုံးက အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမို ကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ် ဆရာဆရာမများအနေဖြင့် ယနေ့လူငယ်များ အသိအမြင် ဗဟုသုတ ကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့်ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင် တည်ဆောက် ကာကွယ်နိုင်မည်ဖြစ်သည်ဟူသည့် သဘောထားခံယူချက်ထားရှိကာ ကျောင်းသူ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော၊ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင် သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**သန်လျင်မြို့နယ်အထက(၁)၏ ၂၀၀၉–၂၀၁၀ ပညာသင်နှစ် ကျောင်းကောင်းစီ ကတိသစ္စာခံယူပွဲကို ဩဂုတ် ၆ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်ကြိုင် အမှာစကားပြောကြားစဉ်။**
(ခရိုင်ပြန်/ဆက်)

## ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်းအစုန်လမ်း တိုးချဲ့ဖွင့်လှစ်ထားမည်

ရန်ကုန် ဩဂုတ် ၉

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)ရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့်(၁၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၃)နှင့်(၁၄)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ရေယာဉ်များ ဗိုလ်မြတ်ထွန်းတံတားသို့ အစုန် ဝင်ရောက်ဖြတ်သန်းရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ၂၀၀၉ခုနှစ် ဩဂုတ် ၇ရက်မှစ၍ အစုန်လမ်းအဖြစ် မူလသတ်မှတ်ပေးထားသော ရေလယ်တိုင်အမှတ် (၁၃)နှင့်(၁၄)အကြားမှ အပြင်ရေလယ်တိုင်အမှတ်(၁၂)နှင့် (၁၃) အကြားကိုပါ အစုန်လမ်းအဖြစ် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။ အဆန်လမ်းကိုမူ ပြောင်းလဲခြင်းမရှိဘဲ ရေလယ်တိုင် အမှတ်(၁၁)နှင့်(၁၂)အကြားမှပင် ဖွင့်လှစ်ထားမည်ဖြစ်သည်။

### ပြသထား

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားမည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ် အသားပြသထားမည်။ တံတားအောက်ခြေပိုင်တိုင်အုတ်ခုံအစွန်းများနှင့် မတိုက်မိစေရန် အုတ်ခုံအစွန်းများကို တံတားပေါင်ပေါ်မှနေ၍ အနီရောင်မြားပြသထားမည်။

ဗိုလ်မြတ်ထွန်းတံတားရေကြောင်းမှ ရေယာဉ်များ ဖြတ်သန်းခုတ်မောင်းကြရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်း တို့အားချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တွဲရေယာဉ် နှစ်စင်းတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်စင်းချင်းတစ်တွဲချင်း မောင်းနှင်ကြရန် ညအချိန်ရေယာဉ်များ ဖြတ်သန်းခြင်း မပြုရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၀–၈–၂၀၀၉**

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Nutrition (ဒုတိယနှစ်–အိမ်တွင်းစီးပွား)
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၂၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အဆိပ်မယ်နှင့် ငါးဒေဝီ"** (အပိုင်း–၂)

**ပုဇွန်တောင်မြို့နယ်အတွင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမ၌ ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကံညွှန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းမြင့်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။** (က–ပ)

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ ဌာနေကိုယ်စားလှယ်များ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံး တို့မှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီး အကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

# မအူပင်မြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဩဂုတ် ၉**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်လျက်ရှိသော မအူပင်မြို့နယ်ဖွား ပဓာနနာယကဆရာတော်ကြီး ၁၈ပါးတို့အား ဩဂုတ် ၂၂ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသည့် မအူပင်မြို့နယ်သူ၊ မြို့နယ်သားများသည် သင်္ကန်းနှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌဦးစိုးဝင်း ဖုန်း-၂၄၆၄၅၁၊ဒု-ဥက္ကဋ္ဌ ဦးထွန်းကြွယ် ဖုန်း-၅၃၈၅၁၂၊ အတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၀၅၉၇၄၊ ၅၂၇၁၈၂နှင့် အမှုဆောင်များဖြစ်ကြသည့် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀၊ ဒေါ်ခင် ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးထိုက်စီ ဖုန်း-၀၉-၅၀၀၀၈၆၂၊ ဦးရန်ဝင်း ဖုန်း- ၀၉-၉၉၂၂၁၄၀နှင့် ဦးအောင်ကြည် ဖုန်း-၅၆၅၉၈၃ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြပြီး အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မြို့နယ်သူမြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

# ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားပြခန်းဖွင့်

**ရန်ကုန် ဩဂုတ် ၉**

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ်ကျောင်းကျန်းမာ ရေးသီတင်းပတ်အထိမ်းအမှတ် အခမ်း အနားနှင့် ကျောင်းကျန်းမာရေးပြခန်း ဖွင့်ပွဲကို ယနေ့နံနက်၈နာရီတွင် ဒဂုံ သီရိခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ လှမြင့်၊ ရန်ကုန်တိုင်း မိခင်/ကလေး၊ ကျောင်းကျန်းမာရေးတာဝန်ခံဆရာဝန် ကြီးဒေါက်တာခင်သက်မြိုင်နှင့် တာဝန် ရှိသူများ၊ ကျောင်းအုပ်ဆရာ ကြီးနှင့် ကျောင်းကျန်းမာရေးအဖွဲ့ဝင်များ၊ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်း ကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အဖွဲ့ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကားပြော ကြားပြီး ကျောင်းကျန်းမာရေးသီတင်း ပတ်တွင် နေ့အလိုက်ဆောင်ရွက်သွား မည့် အစီအစဉ်များကို ရှင်းလင်းပြော ကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ကျောင်းကျန်းမာရေး ပြခန်းကို ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ ပြီး**(အောက်ပုံ)** တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကကျောင်းကျန်းမာရေး ပြခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပညာရေးဝန်ကြီး ဦးသန်းအောင်လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၉

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်း နှင့် ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ကမာရွတ် မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြပွဲကို ကြည့်ရှုအားပေးသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် နံနက်၉နာရီခွဲတွင် ဒဂုံမြို့နယ် အမှတ်(၁၀)အခြေခံပညာ မူလတန်း ကျောင်းသို့ရောက်ရှိပြီး မြတ်ပညာ ခန်းမ၌ပြသထားသော ပရဆေးပင် များ ပြကွက်၊ သတင်းမှတ်တမ်းနှင့် ပညာပေးဆောင်းပါးပြကွက်၊ ကျောင်း လှုပ်ရှားမှု မှတ်တမ်းပြကွက်၊ ကျောင်း ကျန်းမာရေးပြကွက်၊ အစာအုပ်စု သုံးမျိုးပြကွက်တို့ကို လှည့်လည် ကြည့်ရှုရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများက ရှင်းလင်းပြသကြသည်။

## တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် နံနက်၁၀နာရီခွဲတွင် လသာ မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပသော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြပွဲ ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ပြီး ပြခန်းတွင် ပြသထားသော ပညာပေးနံရံကပ် စာ စောင်များ၊ဆုရပန်းချီ၊ ပိုစတာများနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုဓာတ်ပုံ များကို လှည့်လည်ကြည့်ရှုကြသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကျန်းမာရေး သီတင်းပတ် ပညာပေးလှုပ်ရှားမှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ နှင့် သရုပ်ပြပွဲအခမ်းအနားသို့ တက် ရောက်သည်။ ထို့နောက် ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ညွှန်ကြား ရေးမှူးချုပ်များက စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် နံရံကပ် စာစောင်ပြိုင်ပွဲများတွင် ဆုရရှိကြ သော ကျောင်းသူများအား ဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသူကလေးများ၏ ကျောင်းကျန်းမာရေး ပညာပေး သရုပ်ပြ တင်ဆက်မှုများကို ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

**ဩဂုတ် ၉ရက်က ၂၀၀၄-၂၀၀၅ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအရ ဗဟန်းမြို့နယ် ဒေသန္တရကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လွင်လွင်ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်း ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပညာပေးဟောပြောခြင်း၊ သွေးအုပ်စုခွဲပေးခြင်း၊ အရပ်တိုင်း ခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်းများ ဆောင်ရွက်ပေးကြစဉ်။ (က-ပ)**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်

**ကျောင်းကျန်းမာရေးသီတင်းပတ်**

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

# အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ နာဆီရီယာ၌ အီတလီတပ်ဖွဲ့ဝင်များအား တိုက်ခိုက်

နာဆီရီယာ သြဂုတ် ၇

**အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာမြို့တွင် သောကြာနေ့အစောပိုင်း၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အီတလီတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ကြပြီး အခြေအနေ တင်းမာနေဆဲဖြစ်ကြောင်း သိရသည်။**

ကြာသပတေးနေ့ည သန်းခေါင်ကျော်သည်နှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အီတလီ ကင်းလှည့်တပ်ဖွဲ့ဝင်များအား ဒုံးပစ်လောင်ချာများ၊ စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ကြပြီး လျှပ်စစ်ဓာတ်အားစက်ရုံနှင့် အီရတ်ရဲအဖွဲ့အခြေစိုက်စခန်းတို့ကိုလည်း ပစ်ခတ်ခဲ့ကြောင်း အီတလီစစ်ဘက်က ပြောကြားသည်။

တိုက်ပွဲမှာ ညဘက်၌ အပြင်းထန်ဆုံးဖြစ်ပွားခဲ့ပြီး အီတလီ တပ်ဖွဲ့ဝင်များအား အမြင့်ဆုံးတပ်လှန့်ထားရကြောင်း အီတလီတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး အက်တိုရီစာလီက ပြောကြားသည်။

**တိုက်ခိုက်ခံရ**

တိုက်ပွဲအတွင်း အီတလီသံချပ်ကာယာဉ် လေးစင်းထက်မနည်းကို ဖျက်ဆီးခဲ့ကြောင်း ခုခံတိုက်ခိုက်ရေးအဖွဲ့ဝင်များက ပြောကြားပြီး အီတလီတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆာလီက အီတလီကင်းလှည့်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း အတည်ပြုသော်လည်း စစ်ဘက်ယာဉ်လေးစီးဖျက်ဆီးခံရသည့် အရိပ်လက္ခဏာမရှိကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## လုံခြုံရေးစောင့်ကြပ်

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျားတစ်ဦးကို သြဂုတ် ၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန် အီရတ်အကျဉ်းသားအား နှိပ်စက်ခဲ့ကြောင်း ဝန်ခံ

**ဖို့တ်ဘရက်ဂ် သြဂုတ် ၇**

အီရတ်အကျဉ်းသားကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခြင်းခံရသော အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန်က အကျဉ်းသားများကို မိမိညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း၊ ထိုသို့ ညှဉ်းပန်းနှိပ်စက်ရန် မိမိအား မည်သူကမျှ အမိန့်မပေးခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု ရာဇဝတ်မှု စုံစမ်းစစ်ဆေးသူတစ်ဦးထံ သောကြာနေ့က သက်သေခံ ထွက်ဆိုခဲ့သည်။

ထိုအမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန်သည် ညှဉ်းပန်းနှိပ်စက်သည့် အရှုပ်အထွေးတွင် အမိန့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း ယခင်က ပြောဆိုခဲ့သည်။

**စစ်ဆေးခဲ့**

စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူ တပ်ကြပ်ကြီး ဂျိမ်းစ်စတီဝပ်က မေလ ၅ရက်၌ လင်ဒီအင်္ဂလန်ကို မိမိစစ်ဆေးခဲ့ကြောင်း၊ အဘူဂါရိပ်မှ ဓာတ်ပုံ ၂၃ပုံကို သူမအားပြပြီး ထိုဓာတ်ပုံများနှင့်စပ်လျဉ်း၍ စစ်ဆေးခဲ့ကြောင်း ပြောကြားသည်။

ထိုသို့စစ်ဆေးရာ၌ အကျဉ်းသားများအား သူမ ညှဉ်းပန်းနှိပ်စက်ခြင်း ရှိ၊ မရှိ မေးမြန်းသည့်အခါ အကျဉ်းသားတစ်ဦးကို နှိပ်စက်မှုရှိခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု စတီဝပ်က ပြောကြားသည်။

အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန်သည် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်စီရင်ခံရလျှင်ထောင် ၃၈နှစ် ကျခံရဖွယ်ရှိသည်။**အမ်အင်အေ၊ရိုက်တာ**

## အီရတ်စစ်ပွဲအပေါ် ကန်၏ နှစ်ခွ သဘောထား အီရန်သမ္မတ မိုဟာမက်ခါတာမီ ဝေဖန်ပြောကြား

ဘာကူ သြဂုတ် ၇

**အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲတွင် နှစ်ခွသဘောထား ကျင့်သုံးခဲ့ကြောင်းနှင့် ထိုသို့ ကျင့်သုံးမှုကြောင့် လူမျိုးစုချင်းပဋိပက္ခဖြစ်စေခဲ့ကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက စွပ်စွဲဝေဖန်လိုက်သည်။**

ခါတာမီသည် ယခင်ဆိုဗီယက် သမ္မတနိုင်ငံဖြစ်သော အဇာဘိုင်ဂျန်သို့ လာရောက်လည်ပတ်သည့် ဒုတိယနေ့၌ အဇာရီပါလီမန်တွင် မိန့်ခွန်းပြောရာ၌ ထိုသို့ စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်သည်။

**တွေ့မြင်နိုင်**

ယင်းသို့ နှစ်ခွ သဘောထားကြောင့် နိုင်ငံတကာဆိုင်ရာ တစ်ဖက်သတ်ကျသော မူဝါဒများသည် လူများအတွင်း အခက်အခဲများကို ဖြစ်စေခဲ့သည်မှာ အီရတ်နှင့် ပါလက်စတိုင်း၌ တွေ့မြင်နိုင်ကြောင်း ခါတာမီက ပြောကြားသည်။ ခါတာမီသည် ၁၉၉၃ ခုနှစ်နောက်ပိုင်း အဇာဘိုင်ဂျန်နိုင်ငံသို့ အီရန်ခေါင်းဆောင်တစ်ဦးအဖြစ် ပထမဆုံး လာရောက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

## တရုတ်နိုင်ငံနှင့် ကောင်းမွန်သော ဆက်ဆံရေး တန်ဖိုးထားကြောင်း သမ္မတ အာရိုယိုပြောကြား

**မနီလာ သြဂုတ် ၆**

ဖိလစ်ပိုင် သမ္မတ ဂလိုရီယာမယ်ဂါပါဂါလ်အာရိုယိုက ဒေသဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးအာမခံချက်တွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ရည်ညွှန်းလျက် တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့အကြား ကောင်းမွန်သော ဆက်ဆံရေးကို တန်ဖိုးထားကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။

**ပြောကြား**

အာရှတိုက်တွင် ဒေသဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေး အာမခံချက်ရှိမှု၌ တရုတ်နိုင်ငံသည် အဆုံးအဖြတ်ပေးနိုင်သော အခြေခံအကြောင်းတစ်ရပ်အဖြစ် ဆက်လက်ရှိမည်ဖြစ်ကြောင်း မနီလာပင်လယ်ရပ်ခြားသတင်းစာကလပ်၌ ပြုလုပ်သော သတင်းစာ တွေ့ဆုံမေးမြန်းခန်း၌ အာရိုယိုက ပြောကြားသည်။

**အရေးအကြီးဆုံး**

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့်အပြင် ဖိလစ်ပိုင်နိုင်ငံ၏ အရေးအကြီးဆုံး အိမ်နီးချင်းနိုင်ငံလည်းဖြစ်ကြောင်း အာရိုယိုက ပြောဆိုသည်။

**(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



## အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်ရှစ်ဦး အာဖဂန်၌ ဖြစ်ပွားသော တိုက်ခိုက်မှုနှစ်ခု၌ ဒဏ်ရာရ

ကဘူးလ် သြဂုတ် ၇

**အာဖဂန်နစ္စတန်နိုင်ငံတွင် သောကြာနေ့က ဖြစ်ပွားသော တိုက်ခိုက်မှုနှစ်ခုတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။**

တိုက်ခိုက်မှုတစ်ခုမှာ စစ်ယာဉ်တန်းအား ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အခြားတိုက်ခိုက်မှုတစ်ခုမှာ စစ်ကားတစ်စီးအနီး၌ ဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

ထိုတိုက်ခိုက်မှု၌ ပြောက်ကျားများက စစ်ဘက်ယာဉ်တန်းအား ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

**ဖြစ်ပွား**

ပထမတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာမှာ အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူပြည်နယ်ရှိ ဒေချိုပန်ဒေသအနီး၌ ဖြစ်ပွားသည်ဟု ဆိုသည်။

**ဒဏ်ရာရ**

ဒုတိယတိုက်ခိုက်မှုမှာဇာဘူပြည်နယ်၌ပင်ဖြစ်ပြီး ဟမ်းဗီးစစ်ယာဉ်အနီး၌ ဗုံးပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

**ဘဂ္ဂဒက်မြို့ အနောက်ဘက် အီရတ် ပြောက်ကျားတို့နှင့် တိုက်ခိုက်မှုဖြစ်ပွားရာနေရာတွင် စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို သြဂုတ်၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဂင်းနက်စ်စံချိန်စာအုပ်ဝင် ကမ္ဘာ့အမွေးအမှင်အထူဆုံးလူသား နားရှိ အမွေးအမှင်များကြောင့် နားကောင်းကောင်းမကြားရ၍ နားခွဲစိတ်မှု ခံယူမည်

**ပေကျင်း သြဂုတ် ၈**

ကမ္ဘာ့အမွေးအမှင်အထူဆုံးလူသားဖြစ်သော တရုတ်လူမျိုးရော့ခ်အဆိုကျော် ယူဇင်ဟွမ်သည် ယခုအခါသူ၏ နားကြားမှုကို အနှောင့်အယှက်ဖြစ်စေသော နားမှအမွေးအမှင်များကို ဖယ်ရှားပစ်ရန်အတွက် သောကြာနေ့တွင် ရှန်ဟဲ၌ နားခွဲစိတ်ကုသခြင်း ခံယူတော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သောကြာနေ့၌ ပြောကြားသည်။

ယူဇင်ဟွမ်သည် နားအမြဲကိုက်ကြောင်းနှင့် ပို့ချင်အန်ချင်ပြီး မအီမသာဖြစ်ကြောင်း ယူသည် နားကြားမှု သုံးပုံတစ်ပုံ ဆုံးရှုံးခဲ့ကြောင်းဆရာဝန်များက ပြောဆိုသည်။ ၂၀၀၂ခုနှစ်၌ ကမ္ဘာ့အမွေးအမှင်အထူဆုံးလူသားအဖြစ် ယူသည် ဂင်းနက်စ် ကမ္ဘာ့စံချိန်စာအုပ်၌ စာရင်းဝင်ခဲ့သည်။ ယူ၏ခန္ဓာကိုယ်တွင် ၀ ဒသမ ၁၆ စတုရန်းလက်မတွင် ပျမ်းမျှအမွေးအမှင် ၄၁ချောင်းဖုံးအုပ်ထားကြောင်း ဆရာဝန်များကပြောဆိုသည်။ ယူသည် အသက်(၂၆)နှစ်ရှိပြီး အသက်(၆)နှစ်အရွယ်၌ အမွေးအမှင်ထူသော ကလေးတစ်ဦး၏ စွန့်စားခန်းဆိုသော ရုပ်ရှင်ကား၌ သရုပ်ဆောင်ခဲ့ဖူးသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဆာဒါ၏တပ်ဖွဲ့ဝင်များ ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုက်ခိုက်

## တိုက်ပွဲဖြစ်ပွားရာဒေသ၌ စိန်ပြောင်း၊ ဒုံးကျည်ပေါက်ကွဲသံများပဲ့တင်ထပ်

ဘာဆာရာ ဩဂုတ် ၇

**အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားအဖွဲ့ဝင်များသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် သောကြာနေ့ ညနေပိုင်း၌ ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။**

တိုက်ပွဲဖြစ်ပွားစဉ် တိုက်ပွဲဖြစ်ရာဒေသ၌ နေထိုင်သူများသည် အကာအကွယ်များအတွင်း နေခဲ့ကြရကြောင်း၊ တိုက်ပွဲဖြစ်ပွားရာဒေသတွင် စိန်ပြောင်း သို့မဟုတ် ဒုံးကျည်ပေါက်ကွဲသံများ၊ မောင်းပြန်လက်နက် ပစ်ခတ်သံများဖြင့် ပဲ့တင်ထပ်နေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဖြစ်ပွား**

မော့တာဒါအယ်လ်ဆာဒါ၏ ဘာဆာရာရုံးအနီး၌ ဗြိတိသျှကင်းလှည့်တပ်ဖွဲ့ ကင်းလှည့်ချိန်တွင် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဗြိတိသျှ စစ်ဘက်ပြောရေးဆိုခွင့်ရှိ အမျိုးသမီးက ပြောကြားသည်။ ထိခိုက်သေဆုံးမှု ရှိမရှိ အတိအကျမသိရကြောင်း ထိုအမျိုးသမီးက ပြောကြားသည်။ လွန်ခဲ့သည့်နှစ်ရက်အတွင်း ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားတပ်များသည် အီရတ်မြို့ကြီးအချို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## အီရတ်သို့ တပ်ဖွဲ့ဝင်သစ်များပို့လျှင် တိုက်ခိုက်မည်ဟု အုပ်စုတစ်စုပြောကြား

ဒူဘိုင်း ဩဂုတ် ၇

**အကယ်၍ အယ်လ်ဆာဗေဒိုနိုင်ငံက အီရတ်သို့ တပ်ဖွဲ့ဝင်သစ်များ ပို့ခဲ့လျှင် အယ်လ်ဆာဗေဒိုနိုင်ငံတွင်း၌ တိုက်ခိုက်သွားရန် အုပ်စုတစ်စုက ကြာသပတေးနေ့၌ သန္နိဋ္ဌာန်ပြုလိုက်သည်။**

လွန်ခဲ့သည့်လတွင် လွှတ်တော်၌ အကြိတ်အနယ် ဆွေးနွေးပြီးနောက် အတည်ပြုခဲ့သော အယ်လ်ဆာဗေဒို တပ်ဖွဲ့ဝင်သစ်များသည် ဩဂုတ်လလယ်၌ အီရတ်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သမ္မတ တိုနီဆာကာက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

အယ်လ်ဆာဗေဒိုတပ်များ စေလွှတ်ခြင်းသည် အီရတ်၏ ပြည်သူများကို စစ်ကြေညာခြင်းဖြစ်ပြီး မိမိတို့အား စစ်ပွဲဆင်နွှဲရန် လှုံ့ဆော်ပေးခြင်းပင်ဖြစ်ကြောင်း အမည်မသိအုပ်စုက ပြောကြားသည်။

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက် ရောက်သည်နှင့် အယ်လ်ဆာဗေဒိုနိုင်ငံတွင် တစ်ဦးတစ်ယောက်မျှ လုံခြုံမှုရှိမည်မဟုတ်ကြောင်း၊ ထိုသို့ တပ်ဖွဲ့ဝင်လွှတ်ခြင်း မလုပ်ရန် မိမိတို့သတိပေးကြောင်း ယင်းအုပ်စုက ကြေညာချက် ထုတ်ပြန်သည်။ **အမ်အင်အေ၊ရိုက်တာ**

## အီရတ်နိုင်ငံ လုံခြုံရေးတိုးတက်ရန် ကုလ အဓိကထားလုပ်ဆောင်မည်

**ကုလသမဂ္ဂ ဩဂုတ် ၂**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အီရတ်လက်နက်ကိုင်တို့၏ အဓိကပစ်မှတ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။ အစီရင်ခံစာတွင် အီရတ်နိုင်ငံတစ်ဝန်း လုံခြုံရေးအခြေအနေ တိုးတက်လာစေရန် ကုလသမဂ္ဂအဖွဲ့က အဓိကထား ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားလိုက်သည်။ အစီရင်ခံစာသစ်သည် အီရတ်နိုင်ငံသို့စေလွှတ်မည့် အထူးကိုယ်စားလှယ်သစ်၏ အစီရင်ခံစာဖြစ်ကြောင်း သိရသည်။

**တိုက်ခိုက်ခံရ**

လွန်ခဲ့သည့်နှစ် အောက်တိုဘာလက စတင်ပြီး အီရတ်နိုင်ငံ၌ ကုလမသဂ္ဂ ဝန်ထမ်းတစ်ဦးတစ်ယောက်မျှ ထားရှိတာဝန်ထမ်းဆောင်စေခြင်းမရှိဟု ဆိုသည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ ဗုံးခွဲတိုက်ခိုက်ခံရပြီး ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးနှင့် အခြားဝန်ထမ်း ၂၂ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်နှစ်ပတ်လည်အခမ်းအနားကို လွန်ခဲ့သည့် သီတင်းနှစ်ပတ်ခန့်က ကုလသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

**နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကင်းလှည့်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## ကမ္ဘာ့နိုင်ငံများအပေါ် ကန်၏အတ္တကြီးသော သဘောထား ဟီရိုရှီးမားမြို့တော်ဝန် ပြစ်တင်ရှုတ်ချ ပြောဆို

တိုကျို ဩဂုတ် ၆

**အတ္တကြီးမားသော အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာ့နိုင်ငံများအပေါ်ထားရှိသည့် သဘောထားနှင့်စပ်လျဉ်း၍ အလွန်စိုးရိမ်ကြောင်း ဟီရိုရှီးမားမြို့တော်ဝန်က သောကြာနေ့၌ ပြောကြားလိုက်သည်။**

အမေရိကန်အစိုးရ၏ အတ္တကြီးသော ကမ္ဘာ့နိုင်ငံများအပေါ် အမြင်သဘောထားသည် အစွန်းရောက်လျက်ရှိကြောင်း ဂျပန်နိုင်ငံ၏ အနောက်ပိုင်းရှိ ဟီရိုရှီးမားမြို့တော်အား အမေရိကန်တို့ အဏုမြူဗုံးကြဲချခဲ့သော (၅၉) နှစ်မြောက်အထိမ်းအမှတ် အောက်မေ့ဖွယ် နှစ်ပတ်လည်ဆုတောင်းပွဲ၌ ထုတ်ပြန်သည့် ငြိမ်းချမ်းရေး ကြေညာချက်တွင် ဟီရိုရှီးမားမြို့တော်ဝန် တာဒါတိုရှီအကီဘာက ပြောကြားသည်။

**ဖော်ပြ**

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာဆိုင်ရာ ဥပဒေကို လျစ်လျူရှုကာ ပို၍သေးငယ်ပြီး ပို၍အသုံးဝင်သော နျူကလီးယားလက်နက်များ ပြန်လုပ်ရန် သုတေသနလုပ်ငန်းကို ပြန်စနေကြောင်း အကီဘာကပြောကြားသည်ဟု ကျိုဒိုသတင်းဌာနကဖော်ပြသည်။ ဟီရိုရှီးမားမြို့၏ ငြိမ်းချမ်းရေးအထိမ်းအမှတ် ဥယျာဉ်၌ သောကြာနေ့ နံနက်က စတင်ကျင်းပခဲ့သော အဆိုပါအခမ်းအနားသို့ လူ ၄၅၀၀၀ ခန့် တက်ရောက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီးတွင် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်၌ ကမ္ဘာ့ ပထမဆုံးနျူကလီးယားတိုက်ခိုက်မှုကြောင့် ဟီရိုရှီးမားမြို့သည် အကြီးအကျယ်ပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

## ကလေးဦးခေါင်း၌ ကျည်ဆန်ဝင်နေမှု ဖယ်ရှားပေးနိုင်ခဲ့

**တိုကျို ဩဂုတ် ၆**

အာဖဂန်စစ်ပွဲအတွင်း ဦးခေါင်းတွင် ကျည်ဆန်ဝင်၍ ဒဏ်ရာရရှိခဲ့သော ၁၃ နှစ်အရွယ် အာဖဂန်ကလေးငယ် ဖာတိုမာဆာဖောလ်အား ဂျပန်နိုင်ငံ တိုကျိုတွင် ခွဲစိတ်မှုအောင်မြင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ၎င်းကလေးငယ်သည် ဦးခေါင်းတွင်း၌ ကျည်ဆန်ကျန်နေခြင်းကြောင့် အခြေအနေ တဖြည်းဖြည်းဆိုးရွားလာရာ ဂျပန်နိုင်ငံ စေတနာရှင်အသင်းမှ ၎င်းအား ဂျပန်နိုင်ငံသို့ခေါ်ဆောင်၍ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်သည်။

**ဖယ်ရှားနိုင်**

၎င်းကလေးငယ်အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆေးတက္ကသိုလ်တွင် ခုနစ်နာရီကြာခွဲစိတ်ပြီးနောက် ဦးခေါင်းတွင်းရှိ ကျည်ဆန်ကို အောင်မြင်စွာ ဖယ်ရှားနိုင်ခဲ့သည်။ ဆရာဝန်များ၏ ပြောကြားချက်အရ ၎င်းကလေးငယ် အခြေအနေ ကောင်းမွန်မည်ဆိုလျှင် ရက်သတ္တပတ် နှစ်ပတ်ကြာလျှင် ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်အိပ်ချ်ကေ)**

**ကြွေးကြော်**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အယ်လ်ဆာဒါအားထောက်ခံကြောင်း လက်နက်ကိုင်မြှောက်၍ ကြွေးကြော်နေသော အီရတ်အမျိုးသားကြီးတစ်ဦးကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## အေသင်၌ လေထုညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်ထား

**အေသင် ဩဂုတ် ၈**

ဂရိနိုင်ငံ အေသင်မြို့သည် ယခင်နှစ်များက ဥရောပဒေသတွင်း လေထုညစ်ညမ်းမှု အဖြစ်ပွားဆုံးမြို့တစ်မြို့အဖြစ် သတ်မှတ်ခံခဲ့ရသည်။ မကြာမီကာလအတွင်း ၂၀၀၄ခုနှစ် နွေရာသီအိုလံပစ်အားကစားပွဲတော်ကို ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများအတွက် အနှောက်အယှက်ဖြစ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

**အသုံးပြုပြေးဆွဲ**

အေသင်မြို့တော်ဝန်က လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ထားခဲ့ရာ ယခုအေသင်မြို့သည် လေထုညစ်ညမ်းမှုနည်းပါးကြောင်း ပြောကြားခဲ့သည်။ မြို့တွင်း သယ်ယူပို့ဆောင်ရေးမှာ သဘာဝဓာတ်ငွေ့သုံးကားများသာ အသုံးပြုပြေးဆွဲလျက်ရှိသည်။

ယခုလိုလေထုညစ်ညမ်းမှုပြဿနာသည် အခြားမြို့ကြီးများ၌ကျင်းပသော အိုလံပစ်ပွဲတော်များမှာလည်း ကြုံတွေ့ခဲ့ရပြီး ၁၉၈၄လော့စ်အိန်ဂျလိစ် အိုလံပစ်နှင့် ၁၉၉၆ အတ္တလန်တာ အိုလံပစ်ပွဲတော်တို့တွင် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးနေ့များနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ လေထုသန့်ရှင်းမှုမရှိပါက ပြိုင်ပွဲဝင်များ၏ စွမ်းဆောင်ရည်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။ **(စီအင်န်အင်န်)**

## ဘဂ္ဂဒက်မြို့အနောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ ကန်တပ်ဖွဲ့ဝင်တစ်ဦး ပြောက်ကျားတို့လက်ချက်ဖြင့်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၈

**ဘဂ္ဂဒက်အနောက်ပိုင်းတွင် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဒုံးပစ်လောင်ချာများဖြင့် သောကြာနေ့က ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့၌ ကြေညာချက်ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။**

ဘဂ္ဂဒက်တောင်ဘက်ရှိ နာဂျက်ဖ်မြို့၌လည်း အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များတိုက်ပွဲများဖြစ်ပွားခဲ့သည့်ပြင် ဘဂ္ဂဒက်ရှိ ဆင်းရဲသားရပ်ကွက်နှစ်ခု၌လည်း သောကြာနေ့က တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**တိုက်ခိုက်**

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များက လွှန်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လထဲ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစပြီး အီရတ်နိုင်ငံ၌ အမေရိကန်နှင့် အပေါင်းပါတပ်များအား ဆန့်ကျင်တိုက်ခိုက်မှုများသည် ယခုထိတိုင် ဖြစ်ပွားနေဆဲဖြစ်သည်။

အီရတ်နိုင်ငံအနှံ့အပြား၌ အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ ပြောက်ကျားအဖွဲ့ဝင်များသည် အမေရိကန်နှင့်အပေါင်းပါတပ်များအား ဒုံးပစ်လောင်ချာများ၊စိန်ပြောင်းများ၊ မောင်းပြန်လက်နက်ငယ်များအသုံးပြုလျက် တိုက်ခိုက်နေကြသည်။ **အမ်အင်အေ၊ရိုက်တာ**

**တိုက်ခိုက်ရေးသမားများ**

**နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဝင်နေသည့် အယ်လ်ဆာဒါ၏ သစ္စာခံတိုက်ခိုက်ရေးသမားများကို ဩဂုတ်၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## အမေရိကန်နှင့် အပေါင်းပါများအတွက် အလုပ်လုပ်ပေးမှုရပ်ဆိုင်းကြရန် အီရတ်နိုင်ငံ၌ ဖမ်းဆီးခံထားရသော တူရကီယာဉ်မောင်းပြောဆို

အန်ကာရာ ဩဂုတ် ၈

**အီရတ်၌ ဓားစာခံအဖြစ်ဖမ်းဆီးခံရသော ထရပ်ကားယာဉ်မောင်းအလုပ်လုပ်သည့် တူရကီကုမ္ပဏီက ထရပ်ကားယာဉ်မောင်းအား ဖမ်းဆီးထားသူများ၏ တောင်းဆိုချက်ကို တုံ့ပြန်ရာတွင် အီရတ်နိုင်ငံ၌ လုပ်ငန်းအားလုံးကို ရပ်ဆိုင်းလိုက်ကြောင်း ပြောကြားသည်ဟု စီအင်န်အင်န်တာ့ခ်က သတင်းဖော်ပြသည်။**

အဆိုပါ ထရပ်ကားယာဉ်မောင်းအား ဖမ်းဆီးသူများက အကယ်၍ ၎င်း၏ကုမ္ပဏီသည် အီရတ်မှထွက်မသွားလျှင် ၄၈နာရီအတွင်း ၎င်းအားသတ်ဖြတ်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**ရပ်ဆိုင်း**

အီရတ်သို့သွားမည့် ခရီးစဉ်များအားလုံးကိုမိမိတို့ရပ်ဆိုင်းထားကြောင်း၊ အီရတ်မြောက်ပိုင်းသို့သွားနေသည့် မိမိတို့ယာဉ်မောင်းများအားလုံး နေရပ်သို့ပြန်လာနေကြပြီဖြစ်ကြောင်းအက်တာဟန် ပို့ဆောင်ရေး ကုမ္ပဏီမန်နေဂျာ အိုမာတာဟန်က စီအင်န်အင်န်တာ့ခ်သို့ ပြောကြားသည်။

**ပြန်ပေးဆွဲ**

မိမိတို့ကုမ္ပဏီသည် ပုံမှန်အားဖြင့် အီရတ် မြောက်ပိုင်း၌သာ လုပ်ငန်းဆောင်ရွက်ကြောင်း၊ သို့ရာတွင် ယခုတစ်ကြိမ်၌ ယာဉ်မောင်း တာဆင်တော့ပ်သည် အီရတ်တောင်ပိုင်းသို့သွားရောက်လုပ်ကိုင်ခဲ့ရာမှ ယခုကဲ့သို့ မိုဆူးလ်နှင့် တီကရစ်ကြား၌ ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း မန်နေဂျာ အိုမာတာဟန်က ပြောကြားသည်။

**တိုက်တွန်း**

တူရကီရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသော ဗီဒီယိုတိပ်ခွေ၌ အီရတ်တွင်ရှိသောအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအတွက် အလုပ်လုပ်ပေးမှုကို ရပ်ဆိုင်းကြရန်ဖမ်းဆီးခြင်း ခံနေရသော ယာဉ်မောင်းသူ၏ လုပ်ဖော်ကိုင်ဖက် တူရကီနိုင်ငံသားများကို တိုက်တွန်းထားသည်။

**အမ်အင်အေ၊ရိုက်တာ**

## နိုင်ငံတကာသတင်းများ

## အမေရိကန်ပြည်ထောင်စု၌ လုံခြုံမှုမရှိသေး ဝါရှင်တန်နှင့် မြို့ကြီးအချို့၌ တိုက်ခိုက်မှုများဖြစ်နိုင်

ကင်နီဘန့်ပို့ ဩဂုတ် ၈

**ယခုသီတင်းပတ်ထဲ၌ ထုတ်ပြန်ခဲ့သောအကြမ်းဖက်မှု တပ်လှန့်နှိုးဆော်ချက်သည် အမေရိကန်ပြည်ထောင်စုအဖို့ လုံခြုံမှု မရှိသေးကြောင်း၊ နောက်ထပ်လက္ခဏာတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတဂျော့ဒဗလျူ ဘုရှ်က အမေရိကန်နိုင်ငံသားများအား စနေနေ့၌ သတိပေးလိုက်သည်။**

သို့သော်လည်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အနာဂတ် ၌ ဖြစ်ပေါ်လာမည့် အကြမ်းဖက်တိုက်ခိုက်မှုများအား ကာကွယ်တားဆီးသွားရန် မိမိ လုပ်ဆောင်ထားကြောင်း ပြောဆိုလိုက်သည်။

**တပ်လှန့်**

အမေရိကန်ပြည်ထောင်စုတွင် နယူးယောက်စီးတီး၊ ဝါရှင်တန်နှင့် နယူးဂျာစီတို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ယခုသီတင်းပတ်အစောပိုင်း၌ နေရာအတိအကျဖော်ပြကာတပ်လှန့်သတိပေးထားခဲ့သည်။

**ပြောကြား**

အန္တရာယ်ကို မိမိတို့စွမ်းအားရှိသလောက် ရင်ဆိုင်သွားရန်အတွက် အရာရာကို မိမိတို့လုပ်ဆောင်ထားကြောင်း အပတ်စဉ်ရေဒီယိုမိန့်ခွန်း၌ ဘုရှ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကန်အခြေစိုက်စခန်း အစိမ်းရောင်နယ်မြေအတွင်း စိန်ပြောင်းကျည် ၆၇လုံးကျရောက်ပေါက်ကွဲ

**ဘဂ္ဂဒက် ဩဂုတ် ၈**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့၌ ယမန်နေ့က ပြင်းထန်သောပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အမေရိကန်တို့၏ အခြေစိုက်စခန်းများရှိရာ အစိမ်းရောင်နယ်မြေအတွင်းနှင့် အနီးအနားကို စိန်ပြောင်းကျည် ၆၇လုံးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုသတင်းမရရှိသေးကြောင်း သိရသည်။

**ပျံ့နှံ့**

တစ်ချိန်တည်းမှာပင် တောင်ပိုင်း နာဂျက်ဖ်မြို့တွင်းနှင့် ပတ်ဝန်းကျင်၌လည်း တိုက်ပွဲများ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ဘဂ္ဂဒက်မြို့ပြင်ဆာဒါမြို့၌လည်း မက်ဒီတပ်ဖွဲ့ဝင်များက ဆက်လက်ဆန့်ကျင်တိုက်ခိုက်လျက်ရှိပြီး တောင်ပိုင်းဘာဆရာမြို့နှင့် အမ်မရာမြို့များတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိသည်။

အီရတ်ယာယီဝန်ကြီးချုပ် အလာဝီက ယခုတိုက်ခိုက်နေမှုများမှာ ပြစ်မှုကျူးလွန်သူများနှင့် ပြည်ပတိုက်ခိုက်ရေးသမားများဖြစ်ကြောင်း ပြောကြားသည်။ ယခုလများအတွင်း အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများအဆိုးရွားဆုံးဖြစ်လာလျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ အပစ်အခတ်ရပ်စဲရန် ပြောကြားခဲ့ခြင်းမရှိပေ။ အီရတ်ယာယီအစိုးရက တိုင်းပြည်အတွင်း ဥပဒေမဲ့ ဖြစ်ပျက်နေမှုများ၊ ရှန်းရင်းဆန်ခတ်ဖြစ်ပွားနေမှုများအဆုံးသတ်နိုင်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။ **(စီအင်န်အင်န်)**

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် မီးလောင်ပျက်စီးသွားသော ဈေးဆိုင်များကို ဩဂုတ်၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

## ပြန်ပေးဆွဲခံရသော လက်ဘနွန်ထရပ်ကားယာဉ်မောင်းလေးဦး ဘေးကင်းလုံခြုံစွာလွှတ်ပေးရန် မိသားစုများကတောင်းပန်

ထရီပိုလီ(လက်ဘနွန်) ဩဂုတ် ၈

**အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခြင်းခံထားရသော လက်ဘနွန်ထရပ်ကား ယာဉ်မောင်းသမားလေးဦး၏မိသားစုများက ထိုယာဉ်မောင်းသမားလေးဦးအား ဘေးကင်းလုံခြုံစွာလွှတ်ပေးရန် စနေနေ့က တောင်းပန်ခဲ့ကြသည်။**

အီရတ်နိုင်ငံတွင် ယခုအခါပျောက်ဆုံးနေသောလက်ဘနွန်နိုင်ငံသား ငါးဦးထက်မနည်း ရှိကြောင်းသိရသည်။

လက်ဘနွန် စီးပွားရေးလုပ်ငန်းရှင် အင်တွိုင်နီအန်တွန်သည် ဆီးရီးယားကားမောင်းသမားနှင့်အတူ လွန်ခဲ့သည့် သောကြာနေ့၌ ပြန်ပေးဆွဲခြင်းခံခဲ့ရကြောင်း လက်ဘနွန်မြောက်ပိုင်းရှိ သူ၏ဆွေမျိုးများက ပြောကြားသည်။

**လွှတ်မြောက်**

မကြာသေးသောလများအတွင်း၌ လက်ဘနွန်နိုင်ငံသား သုံးလေး ဦးသည် အီရတ်၌ ပြန်ပေးဆွဲခြင်းခံခဲ့ရပြီးနောက် ပြန်လွှတ်မြောက်ခဲ့ကြသည်။ ပြန်ပေးဆွဲသူအချို့က ငွေတောင်းခံခဲ့ကြပြီး အခြားသူများက ထိုလက်ဘနွန်နိုင်ငံသားများသည် အမေရိကန်နှင့် အပေါင်းပါတပ်များနှင့် ပူးပေါင်းကြသူများဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ ဇွန်လထဲ၌ အီရတ်တွင် လက်ဘနွန်ဓားစာခံတစ်ဦး အသတ်ခံခဲ့ရသည်။

**မသိရ**

လက်ဘနွန်ထရပ်ကား မောင်းသမားလေးဦးအားပြန်ပေးဆွဲသူများမှာ မည်သူများဖြစ်ကြောင်း ရှင်းရှင်း လင်းလင်း မသိရဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကျေးလက်ဒေသရေရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်ပင်သာကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်အောင်မြင်ရာ ဝမ်းသာအားရဖြစ်နေသော ကျေးလက်ပြည်သူများကို တွေ့ရသည်။

## စက်ရေတွင်းတူးဖော်

ကျေးလက်ဒေသရေရရှိရေးအတွက် မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နရွဲတောကျေးရွာတွင် ဤသို့စက်ရေတွင်း တူးဖော်ပေးခဲ့သည်။

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ပြည်သူများ သောက်သုံးရေရရှိစေရေးအတွက် မရွေးကျေးရွာတွင် ဤသို့စက်ရေတွင်း တူးဖော်ပေးခဲ့သည်။

ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေပန်းတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း တူးဖော်ပေးသည့် နှစ်လက်မတွင်းတိမ်မှ သောက်သုံးရေရရှိမှုကို ဤသို့တွေ့ရသည်။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကေတုမတီမြို့သစ်ရှိ ကျေးလက်စေတနာဆေးပေးခန်းနှင့် သားဖွားခန်းတွင် နှစ်လက်မစက်ရေတွင်းတူးဖော်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နန်းမားကျေးရွာအုပ်စု အလယ်တောကျေးရွာ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

# ပြည်ပပို့ကုန်စပါးနှင့်ပဲနှစ်မျိုးလောက်ဖြင့်သာကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရှိမလာနိုင် ပို့ကုန်ပစ္စည်းအမယ်(အမည်)ပေါင်းများစွာတိုးချဲ့တင်ပို့ခြင်းဖြင့် ပြည်ပကုန်သွယ်မှုပမာဏလည်း တိုးတက်မှုရှိလာမည်

❒ *ကျောဖုံးမှ*

တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အဓိကရည်ရွယ်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ဈေးကွက်ဝင် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် အဓိကရည်ရွယ်လျက် လစဉ်ပုံမှန်စည်းဝေး ညှိနှိုင်းသည့်အစည်းအဝေးဖြစ်ကြောင်း။

## ပံ့ပိုးနိုင်သမျှပံ့ပိုး

နိုင်ငံတော်၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဝန်ကြီးဌာနအသီးသီးမှ ကူညီပံ့ပိုးနိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်ပြတ် မခံဘဲအမြဲထာဝရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ယခင်ခေတ်ကာလကမရှိခဲ့သည့် တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ ဖြစ်ထွန်းလာစေရန် မိမိတို့တပ်မတော်အစိုးရ လက်ထက်တွင် မြေတောင်မြှောက်အားပေး တည်ထောင်ပေးခဲ့သည်ကိုအထင်အရှား တွေ့ရှိရမည်ဖြစ်ကြောင်း။

## ပြည်သူအကျိုးဖြစ်ထွန်းရေး

သို့ဖြစ်၍ ယနေ့နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအပိုင်းက စွမ်းအားပြည့်ပါဝင် ပူးပေါင်းလက်တွဲပြီး နိုင်ငံတော် အတွက်ရော၊ မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များအတွက်ရော၊ ပြည်သူများအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းစေရအောင် အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်များကို ပြန်လည်ပြောကြားလိုကြောင်း။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက နိုင်ငံတော်တွင် အဓိကကျသည့်ကုန်ထုတ်လုပ်ငန်းမှာ စိုက်ပျိုးထုတ်ကုန် သီးနှံထုတ်လုပ်ရေးလုပ်ငန်းဖြစ်ကြောင်း။**

## တိုးတက်ထုတ်လုပ်

**ထို့အတူ တိုင်းပြည်၏ စီးပွားရေးသည် အခြေခံအားဖြင့် စိုက်ပျိုးရေးအပေါ် တည်မှီနေသည့်အလျောက် စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာရန်မှာလည်း အဓိကအားဖြင့် မိုးရာသီအတွင်း လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဖိဖိစီးစီးလုပ်ကိုင်ကြရေးအတွက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)**

**သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ထိရောက်အောင်မြင်စွာဖြင့် ကြိုးပမ်းအားထုတ်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်လာရန် အရေးကြီးသည်ဟုဆိုရာတွင် ထုတ်လုပ်ရရှိသည့် စိုက်ပျိုးထုတ်ကုန်သီးနှံများသည် ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်သာမက အဓိကပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ရန် လိုအပ်ချက်လည်း ရှိနေသဖြင့် ပြည်တွင်းစားသုံးမှု ပိုလျှံသည့်အပြင် ပြည်ပသို့ပါ တိုးချဲ့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်ကုန် သီးနှံများကို တိုးတက်စိုက်ပျိုး လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးရန် လိုအပ်သည့် အဓိက သီးနှံများနှင့် ဈေးကွက်ဝင် ပို့ကုန်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်သီးနှံရောင်းဝယ်မှုဆိုင်ရာ မူဝါဒများကို ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် နိုင်ငံတော်က ချုပ်ကိုင်ထားသည့် စီးပွားကုန်သွယ်မှုလုပ်ငန်းများသည် မရှိသလောက်ပင်ဖြစ်ကြောင်း၊ ယခင်ခေတ်ကာလများက နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်လုံး ထိန်းချုပ်ထားခဲ့သည့် ကုန်ပစ္စည်း (State-Controlled Commodities)များနှင့် ပတ်သက်၍ မိမိတို့ တာဝန်ယူသည့် ကာလအတွင်း ထူးထူးခြားခြားပင် ထိန်းချုပ်မှုကင်းလွတ်ခွင့်များပေးပြီး အားလုံး လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့ကြောင်း၊ ယင်းသို့ထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပေးခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာစေရန်အတွက်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်လာနိုင်သည်နှင့်အမျှ ဈေးကွက်ဝင် ပြည်ပပို့ကုန်သီးနှံများကိုလည်း ပိုမိုတိုးချဲ့တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်ဟု ဆိုရာတွင် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံကုန်စည် နှစ်မျိုးကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပို့ကုန်သီးနှံနှစ်မျိုးလောက်အပေါ်တွင်သာ မှီခိုရပ်တည်၍ မရနိုင်ကြောင်း၊ အခြားသီးနှံများကိုလည်း ပို့ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်) အဆင့်သို့ရောက်ရှိသည်အထိ တိုးတက်ထုတ်လုပ်သွားရန်လိုအပ်ကြောင်း။**

## ပြည်ပတင်ပို့ရောင်းချ

ပြည်ပပို့ကုန်အဖြစ် စပါးနှင့်ပဲနှစ်မျိုးလောက်ဖြင့်သာ ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်၏ စီးပွားရေးသည် မည်သို့မျှတိုးတက်ဖွံ့ဖြိုးမှုရှိလာနိုင်မည်မဟုတ်ကြောင်း၊ အခြားနိုင်ငံများတွင် သစ်သီးဝလံနှင့် သစ်ခွ အပါအဝင် ပန်းမန်များတင်ပို့ခြင်းသာမက ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်ဒလွန်သီးစသည့်ဟင်းသီးဟင်းရွက်များကိုပင် ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားငွေဒေါ်လာသန်းရာနှင့်ချီ၍ ရရှိနေကြောင်း၊ **ပို့ကုန်ပစ္စည်းအမယ်(အမည်) ပေါင်းများစွာကိုတိုးချဲ့တင်ပို့ခြင်းဖြင့် တိုင်းပြည်၏စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ(Trade Volume)သည်လည်း များစွာတိုးတက်မှုရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိအဓိကတင်ပို့နေသည့် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံ ပို့ကုန် နှစ်မျိုးအနက် ပဲမျိုးစုံကိုပင် မိမိတို့တာဝန်ယူသည့်အချိန်ကာလတွင်မှ တိုးချဲ့တင်ပို့နိုင်ခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ပဲမျိုးစုံကို အမြင့်ဆုံးတင်ပို့နိုင်မှု ပမာဏထက် မိမိတို့တာဝန်ယူသည့် ကာလအတွင်း တန်ချိန် ၁၀ဆ ကျော်ကျော် နီးပါးအထိ တိုးမြှင့်တင်ပို့လာနိုင်ခြင်းဖြစ်ကြောင်း၊ ပို့ကုန်အမယ်သစ် (အမည်သစ်)များအဖြစ် ဈေးကွက်တိုးချဲ့ရှာဖွေတင်ပို့နိုင်ရေးနှင့် ဈေးကွက်၏လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများပူးပေါင်းပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးထုတ်ကုန်သီးနှံအမယ်သစ်(အမည်သစ်)များကို တိုးချဲ့တင်ပို့ရာတွင် ငရုတ်၊ ကြက်သွန်စသည့်အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှသာရှိသည့် အခြေအနေတွင် ပြည်ပသို့ မဆင်မခြင်တင်ပို့မည်ဆိုပါက ယင်းစားကုန်ပစ္စည်းများ ဈေးနှုန်းများမြင့်တက်လာကာ ပြည်သူများအခက်အခဲနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြုရန် လိုအပ်ကြောင်း၊ အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှုလိုအပ်ချက်ထက်ပိုမို တိုးတက်စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်သကဲ့သို့ ထုတ်လုပ်ရရှိသည့် သီးနှံများကို တင်ပို့ရာတွင်လည်း ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်ထက် ပိုမိုထုတ် လုပ်နိုင်သည့်ပမာဏကိုသာ ပြည်ပသို့ တင်ပို့ရောင်းချသွားရန်လိုအပ်ကြောင်း** ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ယနေ့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အပိုင်းကို ကြည့်လျှင် စိုက်ပျိုးရေးကဏ္ဍ၌ ယခင်ခေတ်ကာလနှင့်နှိုင်းစာပါက မိမိတို့အစိုးရ ခေတ်ကာလတွင်များစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီကို တွေ့နိုင်ကြောင်း။

**ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

**ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

**ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

## အလေးထားဆောင်ရွက်

ထို့အပြင် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးကူညီပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်လည်းရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားခဲ့သည့်အတိုင်း နိုင်ငံတော်က အဓိကအားထားနေရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပြီး ထွက်ပေါ်လာသည့် သီးနှံများကို ပြည်ပသို့ များများတင်ပို့နိုင်မှသာ နိုင်ငံတော်၏ ပြည်ပဝင်ငွေ တိုးတက်ရရှိပြီး နိုင်ငံတော်အတွက် လိုအပ်သည့် သွင်းကုန်များကို လုံလုံလောက်လောက် တင်သွင်းနိုင်မှာဖြစ်ကြောင်း။

## အလားအလာကောင်း

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်တိုးမြှင့်ပြီး ပို့ကုန်ပမာဏနှင့်လိုက်လျောညီထွေစွာ သွင်းကုန်ကို လျှော့ချတင်သွင်းခြင်းအားဖြင့် ပြည်ပကုန်သွယ်မှု မျှမျှတတဖြစ်ထွန်းစေရန်နှင့် တစ်ဆင့်တိုးပြီး ပို့ကုန် တန်ဖိုးပိုမိုစေရေး မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိရာ အလားအလာများ ကောင်းလျက်ရှိကြောင်း။

အလားတူပင် အမျိုးသားရေးဦးတည်ချက်(၁၂)ရပ်တွင် စီးပွားရေး ဦးတည်ချက်တစ်ရပ်အဖြစ် **“စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်”** ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်းရှိကြောင်း။

## ပြည်ပဝင်ငွေရှာဖွေ

သို့ဖြစ်၍ နိုင်ငံတော်၏စီးပွားရေး တောင့်တင်းခိုင်မာစေရေးတွင် စိုက်ပျိုးရေးကဏ္ဍ လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လျက် ပြည်ပဝင်ငွေရှာဖွေရေးသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

## စေတနာထားကြိုးပမ်း

တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ မြေတောင်မြှောက် အားပေးကူညီမှုများကြောင့်သာ ယနေ့အခြေအနေသို့ ရောက်ရှိဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်ကို သိမြင်သဘောပေါက်ပြီး နိုင်ငံတော်၏ ကျေးဇူးတရား၊ ပြည်သူများ၏ ကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်သည့်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

အနေဖြင့် မိမိတို့လည်း အကျိုးရှိစေရအောင် နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေရအောင် စေတနာရှေ့ထားလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

## ပထမအဆင့်အောင်မြင်

အမျိုးသားညီလာခံကြီး ကျင်းပခြင်းအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်း ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက် သုံးချက်ရှိရမှာဖြစ်ကြောင်း။

ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေဖို့လိုကြောင်း။

ဒုတိယအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး ပြည်သူများစားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားဖို့လိုကြောင်း။

တတိယအခြေခံလိုအပ်ချက်မှာ ပြည်သူအများ အသိဉာဏ်မြင့်မားမှုဆင်ခြင်တုံတရားဖြင့် ပြည့်ဝမှုအရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင်ဖြစ်ကြောင်း။

## အဓိကကျသည့်အခန်းကပါဝင်

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း။

ယင်းသို့ အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်းခိုင်မာရေးအတွက် ပြည်သူအများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုလိုအပ်ကြောင်း။

## သိသာစွာတိုးတက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍ၏ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်ပဝင်ငွေရှာဖွေရေးတွင် အားထားရသော လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍများမှာ သိသာစွာ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာသည်ကို တွေ့နိုင်ကြောင်း။

## အဆင့်ဆင့်ဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးသည် ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ရေးအပါအဝင် အဆင့်ဆင့်စီမံ ဆောင်ရွက်ဖွယ်ရာများ များစွာရှိကြောင်း။

ထို့ကြောင့် လက်ရှိအခြေအနေတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍကို အဓိကမြှင့်တင်ပေးနိုင်ဖို့အရေးကြီးကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိရေမြေသဘာဝနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့်အပြင် ပြည်ပဈေးကွက်ရှိသော အဓိကသီးနှံ ၁၀ မျိုးကိုသတ်မှတ်ပြီး သီးသီးခြားခြား အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း။

## အထူးစီမံကိန်းချမှတ်

ထို့အပြင် ဝင်ငွေကောင်းသီးနှံ သုံးမျိုးဖြစ်သည့် ကော်ဖီ၊ လက်ဖက်နှင့် ငရုတ်ကောင်းသီးနှံများကို စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် အထူးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့မျှမက ပြည်ပဈေးကွက်ကောင်းမွန်သည့် ချည်မျှင်ရှည်ဝါကိုလည်းကောင်း၊ ပြည်ပဝင်ငွေကောင်းမွန်သည့်အပြင် တိုင်းပြည်အတွက်လည်း လိုအပ်နေသည့် နှစ်ရှည်သီးနှံများဖြစ်သော ဆီအုန်း၊ ရော်ဘာနှင့် သစ်ဆိမ့်သီးနှံများ စိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံအလုပ်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ လယ်ယာကဏ္ဍတွင် လုပ်သားအင်အားရှားပါးမှု ဖြစ်ပေါ်လာသည်ကို ကမ္ဘာ့နိုင်ငံအများတွင် တွေ့မြင်ရကြောင်း။

သို့ဖြစ်၍ စက်မှုအခြေခံသော စိုက်ပျိုးရေးလုပ်ငန်းကြီးများ ဖြစ်ထွန်းလာစေရန် စီးပွားရေးလုပ်ငန်းရှင်များအပိုင်းက ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

အလားတူပင် ထုတ်လုပ်ရေးတိုးတက်ဖြစ်ထွန်းမှုနှင့် လိုက်လျောညီထွေစွာ ဈေးကွက်ရှာဖွေတိုးချဲ့သွားဖို့လိုကြောင်း၊ တစ်ဖက်တွင်လည်း ဈေးကွက်ရှိပြီး သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရမှာဖြစ်ကြောင်း။

## စီးပွားရေးတည်ဆောက်

စားသုံးသီးနှံဈေးကွက် ကြီးမားစွာဖြစ်ထွန်းနေသည့် ယနေ့အချိန်အခါတွင် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး ပြည့်ဝဈေးကွက်ချဲ့ထွင်ကာ နိုင်ငံတော်၏ စီးပွားရေးကို တည်ဆောက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက ၂၀၀၄ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် ဆီအုန်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်မြေယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့်ညှိနှိုင်းအစည်းအဝေး(၅/၂၀၀၄) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် ၁၉၉၉ ခုနှစ်မှစတင်၍ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းမှစ၍ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား တိုက်တွန်းဆောင်ရွက်ခဲ့သဖြင့် လုပ်ငန်းများအောင်မြင်မှုအခြေအနေ၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဆီအုန်းထပ်မံတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ပျိုးပင်နှင့်မျိုးစေ့များ စုဆောင်းထားမှု အခြေအနေနှင့် လုပ်ငန်းရှင်များအား ပံ့ပိုးကူညီပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက မကွေးတိုင်းအတွင်း တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြက်သွန်၊ နှမ်း၊ ဝါ၊ ဆီထွက်သီးနှံနှင့် အခြား စားသုံးသီးနှံစိုက်ပျိုးဒေသများသို့ သွားရောက်လေ့လာတွေ့ရှိခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## အစီအစဉ်များတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ရန် မြေယာများရယူထားမှု၊ ဖော်ထုတ်စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်မည့်အစီအစဉ်နှင့် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်သူများဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း ဥပဒေသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာတိုးချဲ့ဖော်ထုတ်ပြီးစီးမှု၊ ပျိုးပင်မျိုးစေ့နှင့် လုပ်ငန်းသုံးစက်ယန္တရားများ စုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့်တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ပံ့ပိုးဖြည့်ဆည်းပေးမှုဆိုင်ရာ ကိစ္စရပ်များ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## ပူးပေါင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပပို့ကုန်တင်ပို့သူတို့ အကျိုးစီးပွားညီညွတ်မျှတရန် အရေးကြီးကြောင်း၊ ယင်းသို့ အကျိုးစီးပွားညီညွတ်မျှတစွာဖြစ်ထွန်းစေရန် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူ ကုန်သွယ်မှုလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင်က စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍတို့ ပေါင်းစည်းဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် အစည်းအဝေးတက်ရောက်လာကြသည့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

- ☆ **ယင်းသို့ ထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပေးခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာစေရန်အတွက်ဖြစ်။**
- ☆ **စိုက်ပျိုး ထုတ်ကုန်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်လာနိုင်သည်နှင့်အမျှ ဈေးကွက်ဝင် ပြည်ပပို့ကုန်သီးနှံများကိုလည်း ပိုမိုတိုးချဲ့တင်ပို့သွားနိုင်မည်ဖြစ်။**
- ☆ **ပြည်ပပို့ကုန်ဟုဆိုရာတွင် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံကုန်စည် နှစ်မျိုးကိုသာ ဆိုလိုခြင်းမဟုတ်။ နိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပို့ကုန်သီးနှံ နှစ်မျိုးလောက်အပေါ်တွင်သာ မှီခိုရပ်တည်၍ မရနိုင်။**
- ☆ **အခြားသီးနှံများကိုလည်း ပို့ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်) အဆင့်သို့ရောက်ရှိသည်အထိ တိုးတက်ထုတ်လုပ်သွားရန်လို။**
- ☆ **ပြည်ပပို့ကုန်အဖြစ် စပါးနှင့်ပဲနှစ်မျိုးလောက်ဖြင့်သာ ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်၏ စီးပွားရေးသည် မည်သို့မျှတိုးတက်ဖွံ့ဖြိုးမှု ရှိလာနိုင်မည်မဟုတ်။**
- ☆ **အခြားနိုင်ငံများတွင် သစ်သီးဝလံနှင့် သစ်ခွအပါအဝင် ပန်းမန်များတင်ပို့ခြင်းသာမက ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်သလွန်သီးစသည့် ဟင်းသီးဟင်းရွက်များကိုပင် ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားငွေဒေါ်လာသန်း ရာနှင့်ချီ၍ ရရှိနေ။**
- ☆ **ပို့ကုန်ပစ္စည်းအမယ်(အမည်)ပေါင်းများစွာကို တိုးချဲ့ တင်ပို့ခြင်းဖြင့် တိုင်းပြည်၏စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ (Trade Volume)သည်လည်း များစွာတိုးတက်မှုရှိလာမည်ဖြစ်။**
- ☆ **လက်ရှိအဓိကတင်ပို့နေသည့် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံပို့ကုန်နှစ်မျိုးအနက် ပဲမျိုးစုံကိုပင် မိမိတို့ တာဝန်ယူသည့် အချိန်ကာလတွင်မှ တိုးချဲ့တင်ပို့နိုင်ခြင်းဖြစ်။**
- ☆ **တစ်ချိန်က ပဲမျိုးစုံကို အမြင့်ဆုံးတင်ပို့နိုင်မှုပမာဏထက် မိမိတို့တာဝန်ယူသည့်ကာလအတွင်း တန်ချိန် ၁၀ဆကျော်ကျော်နီးပါးအထိ တိုးမြှင့်တင်ပို့လာနိုင်ခြင်းဖြစ်။**
- ☆ **ပို့ကုန်အမယ်သစ်(အမည်သစ်)များအဖြစ် ဈေးကွက်တိုးချဲ့ရှာဖွေတင်ပို့နိုင်ရေးနှင့် ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများပူးပေါင်းပြီး ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်။**
- ☆ **စိုက်ပျိုးထုတ်ကုန် သီးနှံအမယ်သစ်(အမည်သစ်)များကို တိုးချဲ့တင်ပို့ရာတွင် ငရုတ်၊ ကြက်သွန်စသည့် အခြေခံစားကုန်သီးနှံများကိုပြည်တွင်းစားသုံးမှုဖူလုံရုံမျှသာရှိသည့်အခြေအနေတွင် ပြည်ပသို့မဆင်မခြင်တင်ပို့မည်ဆိုပါက ယင်းစားကုန်ပစ္စည်းများ ဈေးနှုန်းများမြင့်တက်လာကာ ပြည်သူများအခက်အခဲနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြုရန်လိုအပ်။**
- ☆ **အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှုလိုအပ်ချက်ထက် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်သကဲ့သို့ ထုတ်လုပ်ရရှိသည့်သီးနှံများကို တင်ပို့ရာတွင်လည်း ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်သည့်ပမာဏကိုသာ ပြည်ပသို့တင်ပို့ရောင်းချသွားရန်လိုအပ်။**

# ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ပြည်တွင်းခရီးသွားလုပ်ငန်း

ခရီးသွားလာရေးလုပ်ငန်းဟာ လူကိုအခြေခံသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဟာ နိုင်ငံအရပ်ရပ်မှာ အရေးပါတဲ့ စီးပွားရေးကဏ္ဍဖြစ်ပြီး နိုင်ငံခြားငွေရရှိရန် အထူးကောင်းမွန်သည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာလဲ အခြားနိုင်ငံများနည်းတူ ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်း အရှိန်အဟုန်မြင့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၉၂ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနကို ဖွဲ့စည်းပြီး စီမံချက်များနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

ကျွန်မတို့နိုင်ငံကြီးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ဦးတည်နေတာ ဖြစ်ပါတယ်။ ယခုအချိန်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)တွေနှင့်အတူ Knowledge Age ဖြစ်တဲ့ အသိပညာခေတ်ကြီး တည်ဆောက်ရန် ကြိုးစားနေဆဲကာလ ဖြစ်ပါတယ်။

ယခုလိုအချိန်မှာ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကိုယ့်နိုင်ငံ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်တိုင်းရင်းသားလူမျိုးများရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ၊ လူနေမှုစရိုက်အခြေအနေတွေကို ထိတွေ့သိရှိသင့်ပြီး ပြည်တွင်းပြည်ပ ဒေသန္တရဗဟုသုတတွေ ရှာဖွေသိရှိသင့်တဲ့အချိန်လဲ ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုအောက်မှာ ခရီးသွားလုပ်ငန်းကုမ္ပဏီများကလဲ ပြည်တွင်းပြည်ပ ခရီးစဉ်များကို အဆင်ပြေစွာ ဝန်ဆောင်မှုတွေ ပေးနေကြပြီ ဖြစ်ပါတယ်။

မြန်မာ့ခရီးသွားလုပ်ငန်းက နိုင်ငံခြားငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေနေသလို ခေတ်နှင့်အညီ ပြည်တွင်းခရီးသွားလာခြင်း လုပ်ငန်းကိုလဲ စီမံချက်များနှင့် အညီအရှိန်အဟုန်မြင့်စွာ တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းခရီးစဉ် တွင်ကျယ်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများဟာ နိုင်ငံတစ်ဝန်းဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီး ယင်းသို့မြင်တွေ့ခြင်းဖြင့် ကျေနပ်အားရပီတိဖြစ်စေရန်၊ ဒေသန္တရဗဟုသုတတွေ ကြွယ်ဝနိုင်သလို တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားလာ၍ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးတက်လာစေရန် စတဲ့ ရည်ရွယ်ချက်များနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒေသတစ်ခုချင်း၏ သဘာဝအရင်းအမြစ်ကွဲပြားမှုအရ သက်ဆိုင်ရာလုပ်ငန်းခွင်အတွင်းမှ အသိပညာတွေ၊ အတတ်ပညာတွေ၊ နည်းစနစ်တွေဖလှယ်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ လူနေမှု စီးပွားရေးစနစ်ကို မြင့်မားအောင် ဆောင်ရွက်လာနိုင်ပါတယ်။ အပန်းဖြေခရီးထွက်ခြင်းဖြင့် စိတ်ကျန်းမာပျော်ရွှင်မှုတွေနဲ့အတူ အတွေးသစ် အမြင်သစ်တွေ ရရှိလာနိုင်ပါတယ်။ မိသားစုတွေရဲ့ ကျန်းမာပျော်ရွှင်မှုကိုလဲ ပေးစွမ်းနိုင်ပါတယ်။ ဒေသအတွင်း ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရမယ်ဆိုတဲ့ အသိတွေကိုလဲ တိုးပွားရရှိလာနိုင်ပါတယ်။ စိတ်အေးချမ်းသာစွာ အပန်းဖြေရင်း ရှုခင်းအလှတွေကိုလဲ မှတ်တမ်းတင်နိုင်ပါတယ်။ ပြည်တွင်းခရီးစဉ် သွားလာမှုလုပ်ငန်းများ အဆင့်အတန်း တိုးတက်မြင့်မားလာစေနိုင်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံကြီးဟာ ရှေးအစဉ်အလာက ထိန်းသိမ်းထားခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်တွေ စုစည်းရာမြေ၊ သဘာဝတောတောင်ရေမြေ အလှအပတွေနဲ့ ပြည့်စုံသလို သယံဇာတတွေ ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများအလိုက် ကိုယ်ပိုင်ဓလေ့ စရိုက်၊ ရိုးရာဓလေ့ထုံးစံလေးတွေ ကိုယ်စီနဲ့အတူ ညီညွတ်စွာနေထိုင်တဲ့ နိုင်ငံလဲ ဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေက မြန်မာပြည်တစ်ပတ် လှည့်ပြီးရင် မင်းတို့နိုင်ငံဟာ ဘိုးဘွားယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာတွေ ထိန်းသိမ်းထားနိုင်ကြတယ်။ လက်မှုပညာတွေကိုလဲ အံ့သြဖွယ်ရာ တွေ့ရှိရပါတယ်။ ဆီးနှင်းဖုံးတောင်တန်းကြီးတွေ၊ မပျက်စီးသေးတဲ့ တောတောင် သဘာဝတွေ၊ ချစ်စရာကောင်းတဲ့ တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံတွေ၊ ပေါကြွယ်ဝတဲ့ သယံဇာတတွေဟာ အံ့မခန်းပါပဲ။ လူသားအရင်းအမြစ် ဖွံ့ဖြိုးစေနိုင်တဲ့နိုင်ငံလဲ ဖြစ်တယ်။ ရွှေရောင်တွေဝင်းနေတဲ့ စေတီပုထိုးတွေနဲ့အတူ ရွှေရောင်လွှမ်းတဲ့နိုင်ငံ (Golden Land)ရယ်လို့ တင်စားခေါ်ဆိုထိုက်ပါတယ်လို့ ချီးကျူးကြပါတယ်။

အဲ့ဒီလို ခရီးသွားလုပ်ငန်းအရင်းအမြစ်တွေ ကြွယ်ဝပိုင်ဆိုင်တဲ့ မြန်မာနိုင်ငံအတွင်းမှာ ကျွန်မတို့မြန်မာနိုင်ငံသားတွေအနေဖြင့် မြန်ပြည်တစ်ခွင် ခရီးသွားစေလိုချင် ဆိုတဲ့အတိုင်း သွားရောက်လည်ပတ် ခံစားကြည့်ရှုစေချင်လှပါတယ်။ ကမ္ဘာလှည့်ခရီးသွားများသာမက ပြည်တွင်းခရီးသည်များကိုပါ ဆွဲဆောင်နိုင်တဲ့ နိုင်ငံလဲ ဖြစ်ပါတယ်။ ယခင်က ကျွန်မတို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ ယဉ်ကျေးမှုကို အခြေခံတဲ့ ခရီးသွားလုပ်ငန်း ဖြစ်ပါတယ်။

ပြည်တွင်းပြည်ပဧည့်သည်များ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရန် လိုင်စင်ရဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာများလဲ ခရီးစဉ်ဒေသများမှာ ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ ခေတ်မီ ဒီဇိုင်းပုံစံအမျိုးမျိုးရှိတဲ့ ဟိုတယ်ကြီးများကအစ ရိုးရာမပျက် ကြိမ်၊ ဝါးများနှင့် ဆောက်လုပ်ထားတဲ့ ဘန်ဂလိုပုံစံဟိုတယ်၊ မိုတယ်လေးများတွင်လဲ သင့်တော်ရာ အမျိုးအစားအလိုက် ဈေးနှုန်းအမျိုးမျိုးနဲ့ လုံခြုံစိတ်ချစွာ တည်းခိုနိုင်ကြပါတယ်။

ယခုအခါ တိုင်းနှင့်ပြည်နယ်အသီးသီးမှာ လမ်းတံတားသစ်ကြီးများ ဆောက်လုပ်ပြီးစီးပြီဖြစ်တာကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူလာစေပါတယ်။ ဒါကြောင့် ခရီးသွားလာမှု အခွင့်အရေးကိုလဲ ပိုမိုရရှိလာနိုင်ကြတယ်။ ခရီးသည် သယ်ယူပို့ဆောင်ရေးကဏ္ဍအနေနဲ့ ကားလမ်း၊ ရထားလမ်းခရီးဖြင့် လေညင်းခံရင်း သဘာဝအလှအပများကိုလဲ ခံစားစေနိုင်ပါတယ်။ မြန်မာ့လေကြောင်းလိုင်းသာမက ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းတို့ကိုလဲ တိုးချဲ့ပျံသန်းနေပြီဖြစ်ပါတယ်။ လေအေးစက်ပါ မော်တော်ယာဉ်လိုင်းများ၊ စင်းလုံးငှား ကားလိုင်းများ တိုးတက်များပြားလာပါတယ်။ မြန်မာ့ရေကြောင်းလိုင်းတွင်လည်း ပုဂ္ဂလိကပိုင် အပျော်စီးသင်္ဘောငယ် လေးများဖြင့် မင်းကွန်း၊

## မလေး (မြစ်ကြီးနား)

အင်းဝ၊ ပုဂံ၊ ပြည် စသည့်ခရီးစဉ်များ လည်ပတ်မှု တိုးချဲ့လုပ်ဆောင်လာတာကို တွေ့ရှိရပါတယ်။

**သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းကိုလဲ တိုးမြှင့်ဆောင်ရွက်နေရာ စွန့်စွန့်စားစား သွားလာနိုင်တဲ့ တောင်တက်ခရီးစဉ်များ၊ တစ်မူထူးခြားတဲ့ ခရီးစဉ် ဥပမာ–ရေလှော်လှော်စီး ခရီးစဉ်များ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှာ မေခမြစ်တစ်လျှောက် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့တဲ့ ဖောင်မျှောခရီးစဉ်၊ ဘာသာဗေဒဆိုင်ရာ သုတေသနလုပ်ငန်းနဲ့ ပတ်သက်တဲ့ခရီးစဉ်တွေ (လိပ်ပြာ၊ ပိုးမွှား၊ အင်းဆက်တွေ လေ့လာခြင်း၊ အဏ္ဏဝါဗေဒ ရေအောက်သတ္တဝါများကို လေ့လာခြင်း၊ ကျေးငှက်များကို လေ့လာခြင်း)၊ တိုင်းရင်းသားကျေးရွာများကို လေ့လာတဲ့ခရီးစဉ်တွေ စတဲ့ခရီးစဉ်တွေကိုလဲ မြန်မာ့ခရီးသွားလုပ်ငန်းက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။**

အင်းလေးမှာကျင်းပတဲ့ အင်းသားတို့ရဲ့ ခြေနဲ့လှေလှော်တဲ့ ဓလေ့ထူးခြားတဲ့ ဟန်လေးတွေနဲ့အတူ ဖောင်တော်ဦးဘုရားပွဲတော်၊ တောင်ကြီးမှာ

သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းကိုလဲ တိုးမြှင့်ဆောင်ရွက်နေရာ စွန့်စွန့်စားစား သွားလာနိုင်တဲ့ တောင်တက်ခရီးစဉ်များ၊ တစ်မူထူးခြားတဲ့ ခရီးစဉ် ဥပမာ–ရေလှော်လှော်စီး ခရီးစဉ်များ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှာ မေခမြစ်တစ်လျှောက် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့တဲ့ ဖောင်မျှောခရီးစဉ်၊ ဘာသာဗေဒဆိုင်ရာ သုတေသနလုပ်ငန်းနဲ့ ပတ်သက်တဲ့ ခရီးစဉ်တွေ (လိပ်ပြာ၊ ပိုးမွှား၊ အင်းဆက်တွေ လေ့လာခြင်း၊ အဏ္ဏဝါဗေဒ ရေအောက်သတ္တဝါများကို လေ့လာခြင်း၊ ကျေးငှက်များကို လေ့လာခြင်း)၊ တိုင်းရင်းသား ကျေးရွာများကို လေ့လာတဲ့ခရီးစဉ်တွေ စတဲ့ခရီးစဉ်တွေကိုလဲ မြန်မာ့ခရီးသွားလုပ်ငန်းက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျင်းပတဲ့ မီးပုံးပျံလွှတ်ပွဲတော်၊ နာဂတောင်တန်းမှာကျင်းပတဲ့ နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်၊ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်၊ မတ္တရာမြို့နယ်မှာ ကျင်းပတဲ့ တောင်ပြုန်း ပွဲတော်၊ ပုဂံ အာနန္ဒာဘုရားပွဲတော်၊ မန္တလေး မဟာမြတ်မုနိဘုရားပွဲတော်၊ ရခိုင်ပြည်နယ်မှာ ကျင်းပတဲ့ ကျင်ကိုင်ပွဲ၊ မော်တင်စွန်းဘုရားပွဲတော်၊ ကျိုက်ထီးရိုး ဆီမီးကိုးထောင် မီးထွန်းပွဲတော် စတဲ့...ပွဲတော်တွေမှာလဲ ပြည်တွင်းခရီးသည် များသာမက နိုင်ငံခြားသား ခရီးသည်များနဲ့ ကြက်ပျံမကျ စည်ကားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးအိုင်ဖြစ်တဲ့ အင်းတော်ကြီးဟာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှာ တည်ရှိပါတယ်။ အင်းတော်ကြီးအတွင်းမှာရှိတဲ့ ရွှေမဉ္ဇူဘုရားပွဲတော်ဟာလဲ ပြည်တွင်း ဘုရားဖူးများသာမက ပြည်ပခရီးသည်များပါ လာရောက်ဖူးမြော်ကြတာကို တွေ့မြင်ရပါတယ်။ ကမ္ဘာမှာ ရှားပါးပြီဖြစ်တဲ့ ကြိုးကြာငှက်အုပ်စုလိုက်ကိုလဲ ဘုရားပွဲတော်အတွင်းမှာ ထူးခြားစွာတွေ့မြင်နိုင်ပါတယ်။ ဆင်စီး၍ရသလို ရွှေမှော်များကိုလဲ သွားရောက် လေ့လာနိုင်ပါတယ်။ အင်းတော်ကြီးမှတစ်ဖန် ခရီးဆက်သော် ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်း တန်ချိန် နှစ်ထောင်ကျော်ထွက်ရှိရာ ဖားကန့်ရတနာမြေကိုလဲ သွားရောက်လည်ပတ်နိုင်ကြပြီဖြစ်ပါတယ်။ ကမ္ဘာမှာ မြန်မာ့ပတ္တမြားဟာ နာမည်ကြီးလှပါတယ်။

ကျောင်းအားလပ်ရက်၊ ရုံးအားလပ်ရက်၊ အလုပ်အားလပ်ရက်တွေမှာ အပန်းဖြေစခန်းတွေဖြစ်တဲ့ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ မောင်းမကန်ကမ်းခြေ၊ ကမ်းသာယာကမ်းခြေ၊ ကျိုက္ခမီစက်စဲကမ်းခြေ၊ သဲဖြူဖြူလေးများနဲ့ ရေပြာပြာငပလီကမ်းခြေများမှာလဲ လှပတဲ့ တည်းခိုဆောင်လေးများမှာ ခရီးသည်များ ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ မြေအောက်မှထွက်ရှိတဲ့ ရေပူများဟာလဲ လူတို့ရဲ့ အကိုက်အခဲဝေဒနာကို ပျောက်ကင်းနိုင်သလို ကျန်းမာရေးကိုအထောက်အကူပြုနိုင်တယ်လို့ ရှေးယခင်က ယူဆခဲ့ကြသည်မှာ ယခုတိုင်ဖြစ်ပါတယ်။ ဒါကြောင့် ရေပူစမ်းလေးများရှိရာ ဒေသများသို့လဲ ခရီးသွားလာမှုနှုန်း တိုးတက်များပြားလာတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများမှာ ရေပူစမ်းခရီးစဉ်များကို သီးခြားခရီးစဉ်တစ်ခုအဖြစ် စီစဉ်ဆောင်ရွက်ပေးနေသည်မှာ အလွန်အောင်မြင်လျက်ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာလဲ ကချင်ပြည်နယ် မိုးမောက်၊ ရှမ်းပြည်နယ် ကျိုင်းတုံ၊ လားရှိုး၊ အင်းလေးခေါင်တိုင်၊ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် မလိဝမ်းရေပူစမ်း၊ ကရင်ပြည်နယ် ဘုရင်ညီဂူစတဲ့ ရေပူစမ်းရှိရာ ဒေသလေးများသို့ ကျန်းမာပျော်ရွှင်ခရီးနှင်ဆိုသလို သွားရောက် လည်ပတ်နေကြပြီဖြစ်ပါတယ်။

အရှေ့တောင်အာရှမှာ မိမိတစ်နိုင်ငံတည်းသာပိုင်ဆိုင်တဲ့ ဆီးနှင်းဖုံးတောင်တန်းကြီးတွေ၊ အမြင့်ဆုံး ခါကာဘိုရာဇီတောင်(၅၈၈၁ မီတာ)၊ ဖုန်ကန်ရာဇီတောင်၊ ဖန်ကရမ်ရာဇီတောင် စတဲ့တောင်ကြီးတွေကို စွန့်စွန့်စားစား တက်ချင်သူတွေ၊ အမျိုးသားဥယျာဉ်တွေကို လေ့လာချင်သူတွေ၊မြောက်ဦး အထက်ဘက်လေးမြို့မြစ်နံဘေးမှာရှိတဲ့ ချင်းတိုင်းရင်းသားကျေးရွာလေးများသို့ သွားရောက်လည်ပတ်ချင်သူတွေ၊ ချင်းတောင်တန်းမှ နတ်မတောင်သို့ သွားရောက်လည်ပတ်ချင်သူတွေ၊ အပန်းဖြေ ပျော်ရွှင်ခရီးတို၊ ခရီးရှည်ထွက်ချင်သူတွေ၊ ဘုရားဖူးခရီးစဉ်တွေ၊ ဧရာဝတီမြစ် ရေယဉ်ကြောမှာ သင်္ဘောစီးပြီး လှပတဲ့မြစ်ကျဉ်းလေးများကို ဖြတ်ကျော်ကာ သဘာဝအလှအပကို ခံစားရင်း လင်းပိုင်လေးများကို လေ့လာချင်သူတွေ၊ မြိတ်ကျွန်းစု အဏ္ဏဝါဗေဒဆိုင်ရာ လေ့လာချင်သူတွေ စတဲ့... ပြည်တွင်း၊ ပြည်ပခရီးသည်တွေအတွက် အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုတွေနဲ့ အတူ မြန်မာ့ခရီးသွားလုပ်ငန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။ ။

## ဂုဏ်ပြုဆုပေး

**မင်္ဂလာတောင်ညွန့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သစ်သီးနှင့်ပန်းအလှပြင် သင်တန်းဆင်းပွဲကို ဩဂုတ် ၈ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းဝေးခန်းမတွင် ကျင်းပရာ ပန်းအလှပြင် တြိဂံပုံ ထူးချွန်ဆုရကန်/ရှေ့ရပ်ကွက်အသင်းခွဲ ဒုတိယဥက္ကဋ္ဌဒေါ်ခင်သန်းထွေးအား မြို့နယ်ဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်က ဂုဏ်ပြုဆုပေးအပ်စဉ်။** (၂၅၉)

## ကြည့်ရှုစစ်ဆေး

**မကွေးမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဇူလိုင် ၁၈ရက်က အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက နတ်မောက်လမ်းဘေးဝဲယာ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

ဩဂုတ် ၉ရက်က (၃၉)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညည့်ခံပွဲသို့ တရားသူကြီးချုပ်ဦးအောင်တိုး တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Simon Tensing de Cruz နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဩဂုတ် ၁ရက်က တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် နန္ဒဝန်ဈေးအေရုံအမှတ် ၁/၂ မှ ဦးမျိုးတင့်-ဒေါ်လေးမြင့်မြင့်(ကိုမျိုးလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ် ၃ ဝိုင်း ဒေးဒရဲကျောင်းဝင်းအတွင်း ပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆရာတော်၏ အကျိုးတော်ဆောင်အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၈-၂၀၀၄**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Grammar made Easy

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၇:၀၀ ၅။ ခံစားနားဆင် တေးဇာတ်ဝင်

၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား

၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်

၁၈:၁၀ ၈။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၁၄)

၁၈:၃၀ ၉။ ညနေခင်းသတင်း

၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၁။ သားငါးဖွံ့ဖြိုးပြည့်အကျိုး

၁၉:၂၀ ၁၂။ ကြေးမုံရိပ်သွင်တေးနုယဉ်

၁၉:၃၅ ၁၃။ လားရှိုးခရိုင် နမ့်ပေါင်ကျေးရွာ ဆင်းရွှေလီစပါးစိုက်ပျိုးခြင်း

၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၁၂)




# ပညာရေးအထောက်အကူပြုပရောဂျက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှ National Level ICT Awardပြိုင်ပွဲများကို ကျင်းပခဲ့ရာ ယခုနှစ်တွင် အခြေခံပညာကျောင်းများအပါအဝင် ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအတွက် ပညာရေးအထောက်အကူပြုပရောဂျက်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာကို အပြည့်အဝ အသုံးချနိုင်စေရေး အခွင့်အလမ်းများပေါ်ထွက်လာစေရန်၊ သင်ကြားရေးအထောက်အကူပြုပရိ ဂရမ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးအထောက်အကူပြုပရောဂျက်ပြိုင်ပွဲကို အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့်တို့ကိုလည်းကောင်း၊ ဆရာဆရာမများအတွက်အဆင့်တစ်ဆင့်တည်းကို လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

## ကြေညာမည်

ပြိုင်ပွဲဝင်ပရောဂျက်များကို မည်သည့် Software ကိုမဆိုအသုံးပြုရေးသား တင်ပြနိုင်သည်။ ပရောဂျက်ကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ စီဒီနှစ်ခုဖြင့် တင်ပြရမည်။ ထို့အပြင် ပရောဂျက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပူးတွဲတင်ပြနိုင်သည်။ ပြိုင်ပွဲဝင်ပရောဂျက်တစ်ခုလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ ပညာရေးဆိုင်ရာ အသုံးပြုမှုများအတွက် အခမဲ့ကူးယူအသုံးပြုခွင့်ပေးရမည်။ ပရောဂျက်ကို သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် စက်တင်ဘာ ၁၁ရက် ညနေ၅နာရီနောက်ဆုံးထား၍ ပေးပို့ရမည်။ အကောင်းဆုံး ရွေးချယ်ခြင်းခံရသော ပရောဂျက်များကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၂၆ရက် မွန်းလွဲ၂နာရီ တွင် လှိုင်မြို့နယ် MICT Parkရှိ Conference Hall ၌ကြေညာမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အခြေခံပညာကျောင်းသား ကျောင်းသူများ အလယ်တန်းအဆင့်တွင် အကောင်းဆုံးနှင့် အထူးဆုကိုလည်းကောင်း၊ အထက်တန်းအဆင့်တွင် အကောင်းဆုံးနှင့် အထူးဆုကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် အကောင်းဆုံးဆု၊ အထူးဆုနှင့် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းတို့ကို လည်းကောင်း ပေးအပ်သွားမည်ဖြစ်သည်။

## ဆုတံဆိပ်နှင့် ငွေသားချီးမြှင့်မည်

ပြိုင်ပွဲတွင် မည့်သည့်အဆင့်အတွက်ဖြစ်စေ၊ တစ်ဦးချင်းသော်လည်းကောင်း၊ အစုဖွဲ့၍သော်လည်းကောင်း၊ ကျောင်းအလိုက်သော်လည်းကောင်း ယှဉ်ပြိုင်နိုင်သည်။ ယှဉ်ပြိုင်သူတစ်ဦးသည် ပရောဂျက်တစ်ခုထက်မက ယှဉ်ပြိုင်ခွင့်ရှိသည်။ သို့သော် ဆုကိုမူ တစ်ဆုတည်းသာ ရပိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်များအနက်မှ အဆင့်အလိုက်အကောင်းဆုံးဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသား ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပြပွဲပြိုင်ပွဲပုံစံဖြင့် ပြုလုပ်မည်ဖြစ်ပြီး ICT Park တွင် ပြခန်းငယ်များတည်ဆောက်ပေးပြီး ပြိုင်ပွဲဝင်သူက ပြသယှဉ်ပြိုင်ရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဖုန်း-၆၅၂၂၃၈၊ အလုပ်အမှုဆောင်ဦးအောင်သန်းညွှန့် ဖုန်း-၀၉၈၀-၂၃၇၆၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

ဩဂုတ် ၄ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၆) တွင် ၂၀၀၄- ၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးကျင်းပရာ အလှူရှင် ဦးမင်းအောင်-ဒေါ်ခင်ဝင်းကြည် မိသားစု(စိန်ပန်းလှိုင်ကဖီး)က ကျပ် ၁၄၀၀၀၀တန် ရုပ်မြင်သံကြားစက်တစ်လုံးကို ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဂျီပီအက်စ်ကိုင်တွယ်အသုံးချနည်းသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် ပြည်နယ်/တိုင်းမြေစာရင်းဦးစီးဌာန အသီးသီးသို့ ဌာနဆိုင်ရာလုပ်ငန်းများ အထောက်အကူပြု တိုင်းတာနိုင်မည့်လက်ကိုင်(GPS)များဖြန့်ဝေ၍ အသုံးချဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ GPSများကို စနစ်တကျကိုင်တွယ်အသုံးချနိုင်ရေးကို ရည်ရွယ်၍ လက်ကိုင်(GPS)များ လက်တွေ့ အသုံးချနည်းကို စာတွေ့လက်တွေ့သင်ကြားနိုင်ရန် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် Suntac Technologies Co.,တို့ ပူးတွဲဖွင့်လှစ်သော သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က အဖွင့်အမှာစကား ပြောကြားပြီး Suntac Technologies Co.,မှ အထွေထွေ မန်နေဂျာ ဦးတင်မြင့်က ခေတ်မီနည်းပညာများ အသုံးချမှုအခြေအနေ၊ Instrumentsနှင့် Software များအကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

**လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၆ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ဝန်ထမ်းဝတ်စုံများ ပေးအပ်စဉ်။ (၁၈၀)**

# မန္တလေးတိုင်းနှင့်မကွေးတိုင်းတွင် နေရာကျဲကျဲနှင့်ကျန်ဒေသများမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဩဂုတ် ၉

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။**

**ဩဂုတ် ၁၀ရက် ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

# လယ်ယာကဏ္ဍယှဉ်ပြိုင်မှု စွမ်းရည်တိုးမြှင့်ရေး စားပွဲဝိုင်းဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဆီမီယို ဒေသဆိုင်ရာ စိုက်ပျိုးရေးဘွဲ့သင်တန်းနှင့် သုတေသနဌာန (SEAMEO - SEARCA)တို့ ပူးပေါင်း ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့၏ လယ်ယာကဏ္ဍယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲ (Round Table on Strengthening Agricultural Competitiveness; Experiences and Lessons from Transition Countries CLMV) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ball Room ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံ သံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ်နှင့် SEAMEO - SEARCAမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားသည်။

ထို့နောက် (FAO) ဌာနေကိုယ်စားလှယ် Mr. Tang Zhengping နှင့် SEARCA မှ Director Dr. Arsenio Balisacan တို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍စားပွဲဝိုင်း ဆွေးနွေးပွဲကို ဆီဒိုးနားဟိုတယ် ပထမထပ်ရှိ ဒဂုံ ခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်ပြီး မိတ်ဆက် အမှာစကားပြောကြားကာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၃၀ ရက်က သာကေတမြို့နယ် ကျိုက်ထီးရိုးတောင်တန်း သာသနာပြု ဝါဆိုမိသားစု အဖွဲ့၏ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။ (က-ပ)

# ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး သတ်မှတ်ထားသောရေကြောင်းပြအမှတ်အသားအတိုင်းခုတ်မောင်း

ရန်ကုန် ဩဂုတ် ၉

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ဇရာဝတီတိုင်း မအူပင်မြို့ မအူပင်တံတားသို့သွားရောက်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ရေကြောင်းအချက်ပြအမှတ်အသားများထားရှိမှုနှင့်အစုန်အဆန် လမ်းကြောင်းများ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းနှင့် တာဝန်ရှိသူများကရှင်းလင်းတင်ပြကြသည်။**

## အမှာစကားပြောကြား

ဝန်ကြီးက ရေယာဉ်များ အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ထားသော ရေကြောင်းပြ အမှတ်အသားအတိုင်း ခုတ်မောင်းကြရန်၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများကို စဉ်ဆက်မပြတ်စစ်ဆေးရန်၊ ရေလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးမှုအပေါ် စည်းကမ်းတကျလိုက်နာ ဆောင်ရွက်ကြရန်နှင့် စီမံကိန်းဝင် တံတားကြီးများအား ရေယာဉ်ကြီးများ အန္တရာကင်းစွာ သွားလာနိုင်ရေးအတွက် စစ်ဆေးရေးနေရာများ သတ်မှတ်ပြီး ဆောင်ရွက်ကြရန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် သတ်မှတ်ထားသော ရေကြောင်းပြအမှတ်အသားများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ညောင်တုန်းဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး ဗိုလ်မြတ်ထွန်းတံတား ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ၊ သောင်တူးဖော်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၃၁ ရက်က တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် မြင်သာမြို့ဦးကျောင်း အမှတ်(၃)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို(ဝါဆိုလပြည့်နေ့)က ကျင်းပရာ အလှူရှင်များက ဆရာတော်ဘဒ္ဒန္တ ပညာစာရအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

# တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ ဝန်ကြီးဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၉

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ရက် မွန်းလွဲပိုင်းက မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ ရောက်ရှိပြီ စက်ရုံအတွင်း မော်တော်ယာဉ်တာယာထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ စက်ဘီးတာယာနှင့် မော်တော်ဆိုင်ကယ်တာယာပုံစံသစ်များ ထုတ်လုပ်မှုကိုလည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်ထားသည့် တာယာအမျိုးမျိုးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးက ပုံစံသစ်ဖြင့် ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ် တာယာနှင့် စက်ဘီးတာယာတို့၏ ရောင်းဈေးနှုန်းများကို စနစ်တကျ တွက်ချက်သတ်မှတ်ရန်၊ စက်ရုံမှ မူလ ထုတ်လုပ်လျက်ရှိသည့် တာယာများနှင့် တိုးချဲ့ထုတ်လုပ်သည့် တာယာများကိုသီးသန့်စီခွဲခြားပြီးထုတ်လုပ်ပုံ၊ စတင်ထုတ်လုပ်သည့် ရက်စွဲ၊ တာယာများ၏ စွမ်းဆောင်ရည်တို့ကို ချိတ်ဆွဲပြသထားရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဩဂုတ် ၇ရက်နံနက်၉နာရီကအမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(သထုံ)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာနှစ်အတွင်း တာယာများထုတ်လုပ်ရန် လျာထားချက်နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ လအလိုက် ရော်ဘာစေး ထုတ်လုပ်မှုအခြေအနေနှင့် ရော်ဘာပင်များ ထပ်မံစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ကုန်ကြမ်းများကို စနစ်တကျ ထားသိုရေးနှင့် အလေအလွင့်မရှိအောင် သုံးစွဲရေး၊ ထုတ်လုပ်ပြီး ရော်ဘာများမှ နိုင်ငံခြားငွေ ရရှိစေရန် စီမံဆောင်ရွက်ရေး၊ ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရေးကိစ္စများကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ရက်က သဃ်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ရုပ်ရှင် သရုပ်ဆောင် ဦးကျော်သူထံ ကွယ်လွန်သူ (ဦးအာယု-ဒေါ်ကျင်ဖွား) မိဘနှစ်ပါးတို့အားရည်စူး၍ သားဖြစ်သူ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၆)ရပ်ကွက် ရဲသီဟလမ်း အမှတ်(၃၁)နေ ဦးမြလွင်က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ဝ၅၂)

# ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ဇုန် အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပပြီးစီး

**ရန်ကုန် ဩဂုတ် ၉**

၂၀၀၄ ခုနှစ် ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း (သန်လျင်ဇုန်) အသက်(၁၇)နှစ်နှင့် အောက် လူငယ်ဘောလုံး ပြိုင်ပွဲအုပ်စု ပတ်လည်နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၆ရက် ညနေ ၃နာရီက သန်လျင် မြို့နယ် သီဟဒီပအားကစားကွင်း၌ သန်လျင်မြို့နယ် ဘောလုံးအသင်းနှင့် ခရမ်းမြို့နယ် ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားရာ သန်လျင်မြို့နယ် အသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

## အုပ်စုပတ်လည်ပွဲစဉ်များ

အဆိုပါ ပြိုင်ပွဲ၏အုပ်စုပတ်လည် ပွဲစဉ်များကို ဩဂုတ် ၁ ရက်မှ စတင်၍ သီဟဒီပအားကစားကွင်း၌ ကျင်းပခဲ့ရာ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ်၊ခရမ်းမြို့နယ်နှင့် သုံးခွ မြို့နယ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲစဉ်များပြီးဆုံးသွားချိန်တွင် ကျောက်တန်းမြို့နယ်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်၊ သုံးခွမြို့နယ်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်၊ သန်လျင်မြို့နယ်က တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး (၃)မှတ်ရရှိပြီး ခရမ်းမြို့နယ်က သုံးပွဲရှုံး အမှတ်မရဘဲ အုပ်စုအောက်ဆုံးမှ ရပ်တည်ခဲ့သည်။

## ယှဉ်ပြိုင်ကစားရမည်

သုံးခွမြို့နယ်အသင်းနှင့် သန်လျင်မြို့နယ်အသင်းတို့ (၄)မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ သုံးခွမြို့နယ် အသင်းက အုပ်စုပထမ ရရှိသွားသည်။ သုံးခွမြို့နယ်အသင်းနှင့် တွံတေးဇုန်မှ အုပ်စုပထမရရှိသော အသင်းတို့သည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဩဂုတ် ၁၄ရက် ညနေတွင် သီဟဒီပ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဩဂုတ် ၆ ရက်က ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်( ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ အောင်မွန်၊ ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်မေလှသွင်နှင့် ဆရာဆရာမများဦးဆောင်၍ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူ ၅၈ ဦးတို့ မြောက်ဥက္ကလာ ဝေဘာဂီ မြို့သစ် ဒေသန္တရ ကျန်းမာရေးဌာနခွဲသို့ လာရောက်ပြီး ကလေးလူကြီး ၁၅၀ တို့အား လူထုကျန်းမာရေးပြုစု စောင့်ရှောက်မှုနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ဒေါက်တာ ဌေးကြွယ်-ဒေါ်သီတာဦး မိသားစုတို့က သား-မောင်ပြည့်ဖြိုးကြွယ်၏ (၉)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန် အတွက် လှူဒါန်းငွေကျပ်သုံးသိန်းကို အလှူရှင်များကိုယ်စား ဗိုလ်မှူးကြီး တင်ဦး(ငြိမ်း)- ဒေါ်စန်းရီတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၈ရက်တွင် မိုလ်တထောင်ဘုရားအနီး မွန်ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အသင်းဥက္ကဋ္ဌဦးရဲမြင့်နှင့် အသင်းသူအသင်းသားများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က–ပ)

■ **ကျောဖုံးမှ**

လူရွေးချယ်ရေး အစည်းအဝေးအပြီးတွင် ညွန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၂၅ဦးဖြင့်ဖွဲ့စည်းလိုက်ရာ **(ဂိုး)**ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ ရဝေဇင်(တံခွန်)၊**(နောက်တန်း)**ကျော်ခိုင်ဝင်း(စွမ်းအင်)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ကျော်ကျော်ဝင်း (စီးပွား/ကူးသန်း)၊ အောင်ကျော်မြင့်(ဘဏ္ဍာ/အခွန်)၊ အောင်ထွန်းလင်း (ဘဏ္ဍာ/အခွန်)၊ ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)၊ **(အလယ်တန်း)**ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ မင်းမင်းထွန်း(စွမ်းအင်)၊ သက်နိုင်စိုး(မြို့တော်စည်ပင်)၊ ဇော်မျိုးမင်း(ဆောက်လုပ်ရေး)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ ရန်နောင်စိုး(စွမ်းအင်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ လှအေးထွေး(ပတ္တမြားနဂါး)၊ ပေါ်ထွန်းကျော်(သစ်တောရေးရာ)၊ အောင်သန်းဝင်း(တံခွန်)၊ ကျော်ကျော်စိုး(ဘဏ္ဍာ/အခွန်)၊ **(ရှေ့တန်း)**ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ စည်သူဝင်း(ပြည်ထဲရေး)၊ ကျော်သီဟ(တံခွန်)၊ မြတ်မင်းဦး(ပို့ဆောင်ရေး)နှင့်ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)တို့ပါဝင်ကြသည်။

**တာဝန်ယူ**

ညွန့်ပေါင်းလက်ရွေးစင် ဘောလုံးအသင်းကိုအုပ်ချုပ်သူအဖြစ် ဦးအောင်သိန်းညွန့်(မြို့တော်စည်ပင်)၊ နည်းပြအဖြစ်ဦးခင်မောင်တင့်(ပို့ဆောင်ရေး)နှင့်တွဲဖက်နည်းပြအဖြစ် ဦးကျော်လွင်(ကာကွယ်ရေး) တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

**ဖြည့်တင်းမည်**

လက်ရှိ ညွန့်ပေါင်းလက်ရွေးစင်အသင်းတွင် ဂိုးသမား နှစ်ဦးသာပါဝင်သော်လည်း ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား ဆန်ခါတင်လူစာရင်းဖြတ်ပြီးပါက ဆန်ခါတင်စာရင်း၌ မပါဝင်သော ဂိုးသမားတစ်ဦးအား ခေါ်ယူအင်အားဖြည့်တင်းသွားမည် ဖြစ်သည်။ ညွန့်ပေါင်းလက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၁၁ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ရွှတ်ပွားပူဇော်**

သင်္ဃန်းကျွန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃၀ရက်က ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ရွှေကူနန်းနွဲ့နွဲ့နှင့် အမှုဆောင်အသင်းဝင်များက ဓမ္မစကြာသုတ္တန်ဒေသနာတော်မြတ်ကို ရွတ်ပွားပူဇော်ကြစဉ်။ (ဝ၅၂)

# တင်းနစ် Junior World Ranking ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

တင်းနစ် Junior World Ranking ပြိုင်ပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသော အသက် (၁၈နှစ်)အောက်တင်းနစ်အားကစား မောင်/မယ်များသည် သိမ်ဖြူတင်းနစ်စင်တာသို့လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀သို့ လည်းကောင်း ဩဂုတ်၂၀ရက် ညနေ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ–ကနေဒါချစ်ကြည်ရေးဘော်လီဘောပွဲ များ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

**မြန်မာ–ကနေဒါနှစ်နိုင်ငံ ချစ်ကြည်ရေးဘော်လီဘောပွဲများကို ဩဂုတ် ၁၄ရက်နှင့် ၁၆ရက် ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ကျင်းပရန် စီစဉ်ထားသည်။**

ချစ်ကြည်ရေးပထမပွဲအဖြစ် ဩဂုတ် ၁၄ရက်တွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အသင်းနှင့် ကနေဒါနိုင်ငံ အေအိုင်အေကလပ်အသင်း၊ ၁၆ရက်၌ ဒုတိယပွဲအဖြစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်း **(အပေါ်ပုံ)**နှင့် အေအိုင်အေကလပ်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရည်စမ်းပွဲကစားမည့် အေအိုင်အေကလပ်အသင်းတွင် အဆင့်မြင့်ကစားသမားများပါဝင်မည်ဟု သိရသည်။

**လေ့ကျင့်ပေးလျက်ရှိ**

လက်ရည်စမ်းပွဲကစားမည့် အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် ခင်မောင်တိုး၊ ကျော်စိုးအောင်၊ ကျော်စွာဝင်း၊ ကျော်ရွှေ၊ ကျော်ဇင်ဝင်းထွဋ်၊ ရဲမင်းအောင်၊ စောဟိန်းသူ၊ ဉာဏ်လင်းအောင်၊ ဝင်းမင်းထွန်း၊ တင်ဝင်းအောင်၊ ဇော်လင်းဦးနှင့်စိုင်းညီလေး စုစုပေါင်း ၁၂ဦးပါဝင်ပြီး လူငယ်အသင်းတွင် စံရွှေမောင်၊မြတ်ကျော်ထွန်း၊ချမ်းငြိမ်းသူ၊ မောင်မောင်ထွေး၊ ကျော်သူရ၊ စည်သူထွန်း၊ ပြည့်ဖြိုးလှိုင်၊ ဇော်ဇော်နောင်၊ စိုင်းညီလေး၊ အောင်ကြိုင်၊ တင်မောင်ထွေးနှင့်သားအိုတို့ပါဝင်ကြသည်။ လက်ရွေးစင်အသင်းကို နည်းပြချုပ်ဦးညီညီလွင်၊ လက်ထောက်နည်းပြဦးသိန်းဆွေ၊ လူငယ်အသင်းကို နည်းပြချုပ်ဦးစောဟင်နရီ၊လက်ထောက်နည်းပြဦးရဲမြင့်တို့က ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးလျက်ရှိသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၆ရက်မှ ၁၀ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၈၅ စင်တီမီတာအောက် ပြိုင်ပွဲဝင်မည့်အသင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ရှစ်နိုင်ငံဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ၊ ဘရာဇီး၊ ရုရှား၊ ဂျပန်၊ အိမ်ရှင်အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ ဂျော်ဂျီယာနှင့်ကျန်တစ်သင်းမှာ အတိအကျမသိရသေးပေ။ မေရက်မှစ၍ပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ အဖွဲ့ချုပ်လူငယ် လက်ရွေးစင်အသင်းမှာ နိုဝင်ဘာလတွင်ကျင်းပမည့် အရှေ့တောင်အာရှလူငယ် ပြိုင်ပွဲဝင်ရောက်ဆင်နွှဲမည့်အသင်း ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လမ်းမတော်အထက(၁)ကျောင်းကျန်းမာရေးသီတင်းပတ်ဖွင့်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ စွမ်းအားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဒေါ်တင်ညွန့်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်ကြင်ကြူးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

# လာမည့်ဘောလုံးရာသီ ပရီမီယာလိဂ်အထွတ်အထိပ်ဖြစ်ရန်ခြေလှမ်း အာဆင်နယ်အသင်းမန်ယူကိုအနိုင်ကစားပြခဲ့

ကာဒစ်ဖ် ဩဂုတ် ၉

**ပရီမီယာလိဂ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် တနင်္ဂနွေနေ့က မီလီနီယမ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်၍ ပရီမီယာလိဂ်၏ အထွတ်အထိပ်ဖြစ်ဖို့ရန် ပထမဆုံးခြေလှမ်းပြင်လိုက်သည်။**

## စင်စင်နာတီတင်းနစ် အဂတ်စ်စီ ဗလားရရှိ

**စင်စင်နာတီ(အိုဟိုင်းယိုး) ဩဂုတ် ၉**

အင်ဒရီအဂတ်စ်စီသည် တနင်္ဂနွေနေ့က စင်စင်နာတီမာစတာစီးရီးတင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျမှ အယ်လီတန်ဟီးဝစ်သ်အား ၆–၃၊ ၃–၆၊ ၆–၂ဖြင့် အနိုင်ရရှိခဲ့သဖြင့် ကိုးလအတွင်း သူ၏ ပထမဆုံးဖလားကို ရရှိသွားခဲ့သည်။

အသက် ၃၄ နှစ် အရွယ်ရှိ အဆိုပါ တင်းနစ်ကစားသမားသည် ကမ္ဘာ့အဆင့် ၁၁ သာရှိသည်။ သို့ရာတွင် ၎င်းသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားသမားကိုအောင်ပွဲဆင်နိုင်ခဲ့သည်။ ဟီးဝစ်သ်အနိုင်ရရှိမည်ဟု အားလုံးကထင်ထားကြသော်လည်း မိမိသာအောင်ပွဲဆင်နိုင်ခဲ့သည်ဟု အဂတ်စ်စီက ပြောကြားသည်။အယ်လီတန်သည် မိမိထက် တန်ပြန်ရိုက်ချက်များ ပိုမိုပြုလုပ်နိုင်ကြောင်း အဂတ်စ်စီက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**

အာဆင်နယ်အသင်းမှ ဂီဘာတိုဆီးဗား၊ ဂျို့စ်အင်တိုနီယိုရီးရက်စ်နှင့် မန်ယူမှ ဆီဗက်စတာတို့က ဒုတိယပိုင်းတွင် တစ်ဂိုးစီသွင်းပေးလိုက်ခြင်းဖြင့် အက်ဖ်အေဖလားပိုင်ရှင်အပေါ် အောင်ပွဲဆင်ခဲ့သည်။

သို့ရာတွင် နှစ်သင်းလုံး အဓိကဘောလုံးသမားများ ပျောက်ဆုံးနေခြင်းဖြစ်သည်။ အာဆင်နယ်သည် မန်ယူအပေါ် အောင်မြင်စွာအနိုင်ယူနိုင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

အဆိုပါ အာဆင်နယ်ဘောလုံးသမားများတွင် ပက်ထရစ်ဗီယာရာ၊ ဖရက်ဒရစ်လန်းဘတ်နှင့် ဆိုးလ်ကင်းဘဲလ်တို့ ဒဏ်ရာရရှိနေ၍ မပါဝင်ခဲ့ပေ။ သို့ရာတွင် စပိန်တိုက်စစ်မှူး ရီးရက်စ်နှင့် အသက်၁၇နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားဖရန့်ဆက်ဖာဘရီဂတ်စ်တို့သည် အထူးခြေပေါ်အောင်ကစားသွားခဲ့သည်။

ရီးရက်စ်သည်ထူးချွန်လာမည့် တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက သတင်းထောက်များအား ပြောကြားသည်။ ၎င်း၏ လျင်မြန်လာမှုသည် အလွန်ကောင်းသော ဘောလုံးသမားတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း၊ ၎င်းသည် အလွန်ရဲရင့်ကြောင်း၊ ပွဲတိုင်းလိုလိုပို၍ပို၍ ခြေစွမ်းပြလာသည်ကို တွေ့ရကြောင်း ၎င်းက ပြောသည်။

ဗီယာရာ ရီးယဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သည်ဖြစ်စေ၊ မပြောင်းရွှေ့သည် ဖြစ်စေ အာဆင်နယ်အသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် အသင့်ပြင်ထားပြီဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါ နှစ်သင်းစလုံးသည် ယင်းတို့၏ ပရီမီယာလိဂ်ပြိုင်ပွဲများသို့ လာမည့်တနင်္ဂနွေနေ့၌ စတင်ကစားတော့မည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် လက်ရှိချန်ပီယံဖြစ်ပြီး မန်ချက်စတာယူနိုက်တက်အသင်းသည် ဘောလုံးရာသီ ၁၂ ရာသီတွင် ချန်ပီယံရှစ်ကြိမ်ဖြစ်ခဲ့သည်။

**(ရိုက်တာ)**

**ဂျာမနီဘန်ဒက်စလီကာ ဘောလုံးပြိုင်ပွဲ ကလပ်အသင်းများ၏ အနိုင်အရှုံးအခြေအနေ**

ဘာလင် ဩဂုတ် ၉

**ဂျာမနီနိုင်ငံ ဘာလင်မြို့၌ စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြသော ဘန်ဒက်စလီကာ ဘောလုံးပြိုင်ပွဲအနိုင်အရှုံးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။**

| | | |
|---|---|---|
| ကိုင်ဆာစလော့သန် | တစ်ဂိုး – သုံးဂိုး | နျူရမ်ဘတ် |
| အက်ဖ်စီဖရန့်ဘက် | ဂိုးမရှိ – ဂိုးမရှိ | ဟန်ဆာရိုစတော့ |
| ဘိုရုပ်ရှားဒေါ့တမန် | တစ်ဂိုး –နှစ်ဂိုး | ဗွီအက်ဖ်ဝမ်းဝေ့ဖ်စဘတ် |
| ဘေယန်လီဗာကူဆင် | နှစ်ဂိုး – တစ်ဂိုး | ဟန်နိုဗာ |
| ဟာသာဘာလင် | နှစ်ဂိုး – နှစ်ဂိုး | ဗွီအက်ဖ်ဝမ်းဘိုချွမ် |

**(ရိုက်တာ)**

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ်၉ရက်က Grade(1) မှ မောင်ဗညားထက်ကျော်က မွေးနေ့အလှူ ကျောင်းသားကျောင်းသူများအား အာဟာရကြက်သားဆန်ပြုတ် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးထွန်းကြည်နှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြန်မာ့အလင်း)

## တောင်ကြီးအသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ကြီးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ်၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်၏သားသမီးများ၊ အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်၏မိဘဘိုးဘွားများ ဩဂုတ် ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် အသင်းဝင် မိသားစုများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်ရန် - ဖုန်း-၆၆၂၇၃၂၊ ၆၆၂၇၅၀၊ ၇၂၂၁၈၆၊ ၇၂၈၇၀၂။

**အမှုဆောင်အဖွဲ့။**

## မွေးနေ့ဆုတောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်နေ ဦးခင်မောင်သောင်း(မိုးမိုးတာရောစန်)၏ဇနီး ဒေါ်ခင်အုန်းရီ၏ ၁၀-၈-၂၀၀၄ရက်တွင် ကျရောက်သော အသက်(၈၀)ပြည့်မြောက် မွေးနေ့မှသည် ကျန်းမာချမ်းသာစွာဖြင့် ရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

| | | |
|---|---|---|
| **ခင်ပွန်း** | - | ဦးခင်မောင်သောင်း(မိုးမိုးတာရောစန်) |
| **သား၊သမီးများ** | - | ကိုသောင်းဦး-မယဉ်ယဉ်ဦး၊ ကိုသောင်းထိုက်-မအယ်လ်ခွန်းရီ၊ ကိုသောင်းတန်-မသျှင်သန်း၊ မခင်စိုးစိုးရီ-ကိုအုန်းကျော်၊ ကိုသောင်းထွန်း၊ ကိုသောင်းနိုင်-မခင်ခင်ထွေး၊ မခင်ဝင်းမြင့် |
| **မြေးများ** | - | ဟိန်းသီဟ၊ မြတ်သီဟထိုက်၊ ဘိုချန်ထွန်း၊ လူမော်သောင်းတန်၊ တူးတူးအောင်၊ ထက်ထက်ဝင်း၊ ပြည့်ပြည့်သောင်းတန်၊ ဖြိုးဖြိုးသောင်းတန်၊ လတ်သီရိထိုက် |
| **မြစ်များ** | - | ငြိမ်းအေး၊ အင်ကြင်းစိုး |

## အင်အားအနည်းငယ် မြေငလျင်လှုပ်

ရန်ကုန် ဩဂုတ် ၉

**၂၀၀၄ခုနှစ် ဩဂုတ် ၈ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၁၆ မိနစ် ၃၆ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၀၆မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

## တောင်ငူအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲလှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၉**

တောင်ငူအသင်း(အုတ်တွင်းနှင့် ထန်းတပင်အပါအဝင်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် အသင်းတိုက်ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်၁၅ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြားတောရလမ်း ဓမ္မသုခတိုက် ဇေယျာအောင်မြေကျောင်း၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင်သင်္ကန်းတိုက်)ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃နှင့် အတွင်းရေးမှူး ဦးတင်လှ အမှတ် ၃၅ သုခလမ်း ကျောက်မြောင်း ဖုန်း-၇၂၂၇၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## ဝါတွင်းတရားစခန်း ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၉**

သာသနဓဇ ဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ ဝိနယဝိဒူ မဟာစည်နယ်လှည့်ဓမ္မကထိက အစိုးရ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရှင်ကဝိန္ဒ(ရဝေစိုး)သည် လမ်းမတော် ၂လမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အမှတ် ၃၂၉ (ပထမထပ်)တွင် ဝါတွင်းကာလ ဥပုသ်နေ့များ၌ နံနက် ၈နာရီမှ ၉နာရီအထိ သတိပဋ္ဌာန်တရားစခန်း ဖွင့်လှစ်သွားမည်ဖြစ်ရာ ဖုန်း-၀၁-၂၂၃၅၂၉ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးကာ တရားအားထုတ်နိုင်ကြောင်း သိရသည်။**(က-ပ)**

**တိုက်အမှတ်(၁) ဇဝနလုံးချင်းအိမ်ရာနေ မိဘများဖြစ်ကြသောဖခင် ဦးဝင်းမောင်၊ မိခင်ဒေါ်သန်းတို့အား အမှူးထား၍သမီးဖြစ်သူ ဒေါ်ဆွေဆွေဝင်း(အီးတီ)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေကလက်ခံယူစဉ်။ (က-ပ)**

## အမည်ပြောင်း

ဦးစိုးတင့်၏သမီး ပျဉ်းမနားမြို့နယ် ရေဆင်း(အထက-၄)မှ မခင်မာသက်အား ယနေ့မှစ၍ မသက်သက်ဆွေဟု ပြောင်းလဲခေါ်ပါရန်။ **မသက်သက်ဆွေ။**





# ၂၀၀၄ အေသင်ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ကို ဩဂုတ် ၁၃ရက်၌ ဖွင့်မည်
## သမိုင်းတွင် အကြီးကျယ်ဆုံးနှင့်အခမ်းနားဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ထား

**ရန်ကုန် ဩဂုတ် ၉**

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် ဂုဏ်သိက္ခာအမြင့်မားဆုံး ပြိုင်ပွဲဖြစ်သည့် ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်ကြီးကို ဂရိနိုင်ငံ အေသင်မြို့တွင် ဩဂုတ် ၁၃ရက်မှ ၂၉ရက်အထိ ခြိမ့်ခြိမ့်သဲကျင်းပတော့မည် ဖြစ်သည်။

(၂၈)ကြိမ်မြောက် အိုလံပစ်အားကစားပွဲကို အိုလံပစ်ပွဲတော် စတင်မွေးဖွားရာ ဇာတိနိုင်ငံဖြစ်သည့် ဂရိနိုင်ငံတွင် ယခုအခါ ဒုတိယအကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၀၂နိုင်ငံမှ အားကစားသမားပေါင်း ၁၆၀၀၀ ကျော် ပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ အိုလံပစ်အားကစားပွဲတော် သမိုင်းတွင် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးဖြစ်အောင် ကျင်းပသွားမည်ဟု ဂရိအာဏာပိုင်များက ပြောကြားလျက်ရှိသည်။

အေသင်မြို့တွင် ခေတ်သစ်အိုလံပစ်ပွဲတော်ကို ၁၈၉၆ ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ပြီးနောက် ယခုအခါ ဒုတိယအကြိမ်မြောက်အဖြစ် နှစ်ပေါင်း၁၀၈နှစ်တွင်မှ ပြန်လည်ကျင်းပနိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဂရိနိုင်ငံ အေသင်မြို့ အိုလံပစ်အားကစားရွာနှင့် အိုလံပစ်အားကစားပွဲတော်တွင် အားကစားကွင်း ၃၈ကွင်း၌ အားကစားပွဲတော် အမျိုးအစား၂၈မျိုးကို ပြိုင်ပွဲကာလ ၁၆ ရက်အတွင်း အပြီးကျင်းပမည်ဖြစ်ပြီး ဆုတံဆိပ်ပေါင်း ၃၀၁ဆုချီးမြှင့်မည်ဖြစ်ရာ ကမ္ဘာ့မီဒီယာသမား ၂၁၅၀၀ လာရောက် သတင်းယူကြမည်ဟု သိရသည်။

ထို့ပြင် အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ကုန်ကျငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ကို သုံးစွဲထားရာ အိုလံပစ်ပွဲတော် သမိုင်းတစ်လျှောက် လုံခြုံရေးအတွက် အကုန်အကျအများဆုံး ပြိုင်ပွဲဖြစ်သည်။ အေသင်အိုလံပစ်ပွဲတော်၌ အားကစားနည်း၂၈မျိုး ပါဝင်မည်ဖြစ်ကာ အားကစားပွဲပေါင်း သုံးရာကျော်ရှိပြီး ကမ္ဘာ့ပြည်သူလေးဘီလီယံကျော်က ရုပ်မြင်သံကြားဖန်သားပြင်ပေါ်၌ ကြည့်ရှုကြမည်ဖြစ်သည်။

ဂရိအိုလံပစ်ပွဲတော်တွင် အမျိုးသားဘောလုံးပြိုင်ပွဲ၌ အုပ်စုလေးစုခွဲထားရာ အုပ်စု(က)တွင် ဂရိ၊ တောင်ကိုရီးယား၊ မာလီနှင့် မက္ကဆီကိုတို့ပါဝင်ပြီး၊ အုပ်စု(ခ)တွင် ပါရာဂွေး၊ ဂျပန်၊ အီတလီနှင့် ဂါနာ၊ အုပ်စု(ဂ)တွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ တူနီးရှား၊ ဆားဘီးယားနှင့် မွန်တီနီဂရိုးတို့ပါဝင်ကာ၊ အုပ်စု(ဃ)တွင် ကော်စတာရိကာ၊ မော်ရိုကို၊ အီရတ်နှင့် ပေါ်တူဂီတို့ ပါဝင်ကြသည်။

အုပ်စု(က)တွင် ပါဝင်သည့် အသင်းများအနေအထားအရ ပြီးခဲ့သည့် ယူရို-၂၀၀၄ ချန်ပီယံလည်းဖြစ်ပြီး အိုလံပစ်ပွဲတော် အိမ်ရှင်လည်းဖြစ်သည့် ဂရိနှင့် မက္ကဆီကိုတို့က အလေးသာလျက်ရှိသည်။

အုပ်စု(ခ)တွင် ပါရာဂွေးနှင့် အီတလီတို့သည်လည်း အိုလံပစ်ချန်ပီယံအဖြစ် ရေပန်းစားနေသော အသင်းများဖြစ်ပြီး ပါရာဂွေးအသင်းသည် လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးကို ခြေစစ်ပွဲတွင် အနိုင်ရအောင်ကစားပြီး ဖြုတ်ချထားနိုင်ခဲ့သည့် အသင်းဖြစ်ရာ တောင့်တင်းသောအသင်းလည်း ဖြစ်သည်။

အုပ်စု(ဂ)တွင် အာဂျင်တီးနားတို့ အုပ်စုမှတက်ရန် အခြေအနေကောင်းလျက်ရှိပြီး အာဂျင်တီးနားတို့ တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသည့် အိုလံပစ်ချန်ပီယံဆုကို ယခုအကြိမ်တွင် အရယူရန် မျှော်မှန်းကြောင်း အာဂျင်တီးနားနည်းပြ မာဆယ်လိုဘီယယ်ဆာက ပြောကြားသည်။

အုပ်စု(ဃ)တွင် ပေါ်တူဂီတို့ အုပ်စုမှတက်ရန်သေချာနေပြီး ဥရောပဖလားကို လက်လွှတ်ခဲ့ရသော အဖြစ်မျိုး ထပ်မံပြုလုပ်တော့မည် မဟုတ်ပေ။

အိုလံပစ်ပွဲတော်သို့ အာရှကိုယ်စားပြု (ဘောလုံးအသင်းများအနေဖြင့်) တောင်ကိုရီးယားနှင့် ဂျပန်တို့သာ တက်ရောက်နိုင်ခဲ့သော်လည်း အုပ်စုအနေအထားမှ ကျော်လွန်အောင် ကြိုးစားရန်းကန်ကြရမည် ဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲတွင် ဘောလုံးအားကစားနည်း၌ အာရှတို့ အောင်မြင်မှုရရန် ကြိုးစားလျက်ရှိနေသည်။

အတ္တလန်တာ၌ ပြုလုပ်ခဲ့သော ၁၉၉၆ခုနှစ် အိုလံပစ်ပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်း ချန်ပီယံဖြစ်ခဲ့ပြီး ဆစ်ဒနီတွင် ကျင်းပသည့် ၂၀၀၀ပြည့်နှစ် အိုလံပစ်၌ ကင်မရွန်အသင်း ချန်ပီယံဖြစ်ခဲ့သည်။ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၁ရက်နေ့မှစတင်ကာ ကျင်းပမည်ဖြစ်ပြီး၊ ဩဂုတ် ၂၈ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည် ဖြစ်သည်။

၂၀၀၄ခုနှစ် အိုလံပစ်အားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်ကစားမည့် တရုတ်အသင်းသည် အားကစားသမား ၄၀၇ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပွဲတော်ဝင်နိုင်ငံများတွင် အားကစားသမားအဖွဲ့ဝင် အများဆုံးအသင်း ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၂၀ ရရှိရန် မှန်းထားကြောင်းသိရသည်။ တရုတ်တို့ ပြီးခဲ့သည့် ၂၀၀၀ပြည့်နှစ် ဆစ်ဒနီ အိုလံပစ်တွင် ရွှေ ၂၈၊ ငွေ ၁၆၊ ကြေး ၁၅ စုစုပေါင်း ဆုတံဆိပ် ၅၉ခုရရှိပြီး တတိယရရှိခဲ့သည်။ အမေရိကန်က ရွှေ ၃၉၊ ငွေ၂၅၊ ကြေး ၃၃ စုစုပေါင်း ဆုတံဆိပ် ၉၇ခုဖြင့် ပထမရရှိပြီး၊ ရုရှားက ရွှေ ၃၂၊ ငွေ ၂၈၊ ကြေး ၂၈နှင့် စုစုပေါင်း ဆုတံဆိပ် ၈၈ခုဖြင့် ဒုတိယရရှိခဲ့ကြသည်။ ၂၀၀၀ပြည့်နှစ် ဆစ်ဒနီအိုလံပစ်၌ ရွှေတံဆိပ် ရရှိခဲ့သည့် နိုင်ငံပေါင်း ၅၂နိုင်ငံရှိခဲ့ရာ အရှေ့တောင်အာရှမှ အင်ဒိုနီးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ ရွှေတံဆိပ်တစ်ခုစီ ရရှိခဲ့ကြသည်။

အကြိမ် (၂၀)မြောက် ကျင်းပခဲ့ပြီးဖြစ်သော ဘောလုံးပြိုင်ပွဲ သမိုင်းတွင် အိုလံပစ် ချန်ပီယံအဖြစ် နှစ်ကြိမ်ဆက်တိုက်ရရှိခဲ့ဖူးသော ဘောလုံး အသင်းမှာ သုံးသင်းသာရှိခဲ့သေးသည်။ ယင်းတို့မှာ ၁၉၆၄ခုနှစ် တိုကျိုအိုလံပစ်နှင့် ၁၉၆၈ခုနှစ် မက္ကဆီကို အိုလံပစ်တို့၌ ဟန်ဂေရီ အသင်း၊ ၁၉၂၄ခုနှစ်က ပဲရစ်မြို့အိုလံပစ်နှင့် ၁၉၂၈ခုနှစ်က ပြုလုပ်ခဲ့သော အမ်စတာဒမ် အိုလံပစ်၌ ဥရုဂွေးအသင်း၊ ၁၉၀၈ခုနှစ် လန်ဒန်အိုလံပစ်နှင့် ၁၉၁၂ခုနှစ် စတော့ဟုမ်းအိုလံပစ်၌ အင်္ဂလန်အသင်းတို့ ရရှိခဲ့ကြသည်။

၁၉၃၆ခုနှစ်မှစပြီး အိုလံပစ်ပြိုင်ပွဲများ၌ ဘောလုံးချန်ပီယံကို ဥရောပနိုင်ငံများကသာ လွှမ်းမိုးထားခဲ့ရာမှ ၁၉၉၆ခုနှစ် အိုလံပစ်ချန်ပီယံအဖြစ် အာဖရိကတိုက်မှ နိုင်ဂျီးရီးယားနှင့် ၂၀၀၀ပြည့်နှစ် အိုလံပစ်ချန်ပီယံအဖြစ် ကင်မရွန်တို့က အစဉ်အလာကိုဖျက်ပြီး ရယူနိုင်ခဲ့သော်လည်း ယခု၂၀၀၄ခုနှစ် ဂရိအိုလံပစ်ပွဲတော်တွင် ကင်မရွန်နှင့် နိုင်ဂျီးရီးယားတို့ ခြေစစ်ပွဲမအောင်၍ မပါဝင်ဘဲရှိရာ ဥရောပနှင့် တောင်အမေရိကအသင်းတို့သာ အားပြိုင်ရတော့မည် ဖြစ်သည်။

အေသင်အိုလံပစ် အားကစားပွဲတော်တွင် ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ ရွက်လှေ၊ သေနတ်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဝါတာပိုလို၊ အလေးမ၊ နပန်း၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ စက်ဘီး၊ မြင်းစီး၊ ဓားသိုင်း၊ ဘောလုံး၊ ကျွမ်းဘား၊ ဘေ့စ်ဘော၊ သဲသောင်ပြင်ဘော်လီဘော၊ ကနူး/ ကရပ် လှေလှော်ပြိုင်ပွဲ၊ စီးချက်ညီကျွမ်းဘား၊ ကနူး/ကရပ်စလာလွန်း လှေလှော်ပြိုင်ပွဲနှင့် ဒိုင်ဗင်တို့ ပါဝင်ကြပြီး ပြိုင်ပွဲဝင်အသင်းအချို့ အေသင်မြို့သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ကမ္ဘာကျော် အားကစားများပါဝင်ဆင်နွှဲမည့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် အားကစားပွဲတော်ကြီးကို လုံခြုံရေးဝန်ထမ်း တစ်သိန်းငါးထောင်ကျော်က ထိန်းသိမ်းကြီးကြပ်ပြီး လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ ကမ္ဘာ့အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး အားကစားပွဲတော်ကြီးတစ်ရပ်အဖြစ် မကြာမီ မြင်တွေ့ရပေတော့မည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

### သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ



**အိုလံပစ်မီးရှူးတိုင် သယ်ယူရေးအစီအစဉ်အဖြစ် ဂရိနိုင်ငံ အလယ်ပိုင်း ဒယ်ဖီမြို့တွင် မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ယူရန် မီးညှိနေသည်ကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**အေသင် အိုလံပစ်အားကစားပွဲတော်ကျင်းပမည့် အေသင်အိုလံပစ်အားကစားရွာမှ အားကစားကွင်းများနှင့် အဆောက်အအုံများ အဆင်သင့်ဖြစ်နေမှုကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ဩဂုတ် ၅ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာတွင် နီလာလမ်း၊ ဘိုးရာဇာလမ်း၊ သီရိလမ်းနှင့် မဟာသုခလမ်းများ လမ်းချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းပြသကြစဉ်။** (မြို့နယ်စည်ပင်)

# ဆီဆိုင်မြို့နယ်လုံးကျွတ် ကောက်စိုက်စွမ်းရည်ပြိုင် ဆုရအသင်းများ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဆုချီးမြှင့်

**ဆီဆိုင် ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ်လုံးကျွတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက် မျိုးစေ့ချပြိုင်ပွဲနှင့် လက်တွန်းထွန်စက် ထွန်ယက်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၈နာရီက ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာ စိုက်ကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ်လုံးကျွတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညွန့်လွင်၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ဆီဆိုင်မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး ဦးဆောင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။ အဆိုပါ ကောက်စိုက်စွမ်းရည် ပြိုင်ပွဲတွင် တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လက်တွန်းထွန်စက်ထွန်ယက်ပြိုင်ပွဲများသို့ ကောက်စိုက်သမပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ မျိုးစေ့ချပြိုင်ပွဲဝင်အသင်း လေးသင်းနှင့် လက်တွန်းထွန်စက် ထွန်ယက်အသင်း လေးသင်းတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းများကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှက ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ **(၀၄၈)**

**လပွတ္တာမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးမိဈေးဖများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင်၂၄ရက်က ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (က-ပ)

# ရွှေတောင်မြို့ ရွှေနတ်တောင်စေတီ အနောက်ဘက်စောင်းတန်း ရှေးမူမပျက် ပြန်လည်ပြုပြင်၊ ရေစက်ချမင်္ဂလာကျင်းပ

ရွှေတောင် ဩဂုတ် ၂

**ပြည်ခရိုင် ရွှေတောင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီ၏ နှစ်ပေါင်း ၇၀ ခန့်မှ မြန်မာမှုပန်းပုလက်ရာများဖြင့် ပြုလုပ်ထားသော အနောက်ဘက်စောင်းတန်းကို ပြန်လည်မွမ်းမံပြီးဖြစ်သဖြင့် ဇူလိုင် ၈ ရက် နံနက် ၉ နာရီက စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေနတ်တောင်စေတီတော် အနောက်ဘက်စောင်းတန်းအလှူရှင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် မြပိုးထည်တိုက်ပိုင်ရှင် ဒေါ်ညွန့်ညွန့်ခင်နှင့် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးငွေရွှေတို့က စောင်းတန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာ အကျော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်မိသားစုများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်က အနုမောဒနာ တရားဟောကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ အဆိုပါ အနောက်ဘက်စောင်းတန်းကြီးကို ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ရာ သိန်းပေါင်း ၁၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **(၁၁၆)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ပေးအပ်

**ဇူလိုင် ၁၇ ရက်က ဗန်းမော်မြို့နယ်မြေခံတပ်ရင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးသန့်ဇင်က ဗိုလ်မှူးတင်မောင်မောင်ထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။**

(က–ပ)

## ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့်ဆောင်ရွက်

**မြစ်ကြီးနား ဇူလိုင် ၂၅**

မြစ်ကြီးနားမြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ယာဉ်စက်ယန္တရားများဖြင့် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက်ဆောင်ရွက်ရာ ဇူလိုင် ၁၅ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းခွင်အင်ဂျင်နီယာများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

မြစ်ကြီးနားမြို့ အဆင့်မြင့်တင်ရေးအတွက် မြို့ရေစီးရေလာ ကောင်းမွန်ရန် မြောင်းသစ်တူးဖော်ခြင်း ပေ ၁၉၄၀၀၊ မြောင်းဟောင်း ရှင်းလင်းခြင်း ၁၃၉၈၆ ပေ၊ ရေပြွန်အသစ်ချခြင်း ကိုးခုနှင့် ရေပြွန်တံတားဟောင်းတွင် ပိတ်ဆို့သော အမှိုက်များ ရှင်းလင်းခြင်း ၁၇ ခုတို့ကို ဆောင်ရွက်ပြီးစီးကြပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

**ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်မောင်အားရည်စူး၍ အမှတ်(၂) ခတ္တာလမ်း သီရိခေမာရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဇနီး ဒေါ်ခင်တီတီ၊ (သမီးကြီး) ခင်မြတ်မြတ်အောင်၊(သား)ရန်လင်းမောင်၊(သမီးငယ်)သဲသဲဇလတ်ဖြူမောင် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိနာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင် သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

## စက်ရေတွင်း တူးဖော်ရေး မြေနေရာရွေးချယ်

**ညောင်ဦး ဇူလိုင် ၂၀**

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် သပြေအိုင်ကျေးရွာတွင် စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် မြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က ဇူလိုင် ၆ ရက်တွင် တူးဖော်မည့်မြေနေရာ ရွေးချယ်သတ်မှတ်၍ ပန္နက်ရိုက်ပေးကြောင်း သိရသည်။ **(၁၀၀)**

## နှစ်အလိုက် ကော်ဖီစိုက်ကေ လျာထားချက်ပြည့်မီရေး နောင်ချိုတွင် ဆွေးနွေး

**နောင်ချို ဩဂုတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် နှစ်အလိုက် ကော်ဖီစိုက်ကေလျာထား ချက်ပြည့်မီရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အားမာန်အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်က ဒေသခံတောင်သူနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ရာသီအချိန်အမီ နှစ်အလိုက်လျာထား စိုက်ကေများအတိုင်း အပြည့်အဝ တိုးချဲ့စိုက်ပျိုးရေး ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြန်မာ့ကော်ဖီလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးနှင့် ခြံမန်နေဂျာများက ကော်ဖီပျိုးထောင်မှု၊ ရာသီချိန်အမီ စိုက်ပျိုးမည့် အစီအစဉ်၊ သာမန်စိုက်စရိတ် ချေးငွေရရှိမှုနှင့် လုပ်ငန်းရှင်များအတွက် သီးခြားချေးငွေ ရရှိမှုတို့ကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယခုအပတ် မြန်မာဗီဒီယို ၁၇ ကားပြန့်ချီ

ရန်ကုန် ဩဂုတ် ၉

**ယခုအပတ်ဩဂုတ် ၉ ရက်မှစ၍တစ်ပတ်အတွင်းထွက်ရှိမည့် မြန်မာဗီဒီယိုဇာတ်ကား ၁၇ ကားရှိသည်။ အများဆုံးထွက်ရှိသည့်နှုန်းဖြစ်သည်။ သို့သော် အနိမ့်ကားများ၍ အမြင့်ကားနည်းသည်ဟု ဆိုသည်။ ဗီဒီယိုဇာတ်ကားထွက်ရှိသည့်နေ့ ဖြန့်ချိရောင်းချသည့်ဈေးနှုန်းမြင့်သော ဇာတ်ကားကို အမြင့်ကားအဖြစ် ခေါ်ဆိုနိုင်၍ ဈေးနှုန်းနိမ့်သောဇာတ်ကားကို အနိမ့်ကားဟု ဆိုသည်။**

ယခုအပတ်တွင် အမြင့်ဇာတ်ကားနည်းပြီး အနိမ့်ကား များသည်ဟုဆိုရာ ဒွေး၊ ကျော်ဟိန်း၊ လူမင်း စသည့် သရုပ်ဆောင်တို့ပါဝင်သော ဇာတ်ကားအချို့ ပထမဖြန့်ချိသည့် ဈေးနှုန်းအရ အမြင့်ကားဟု သတ်မှတ်ခြင်းဖြစ်သည်။

တနင်္လာနေ့မှစ၍ ဖြန့်ချိပြသခွင့်ရသော ဗီဒီယိုဇာတ်ကားများမှာ၊ ဒွေး၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော **‘အဆိပ်ဖြစ်သွားသောဆေး’**။ **‘ဒိတ်ဒိတ်ကြဲ’ နှင့် ‘မိုးပျံဂျက်(ကာတွန်း)’**။

ကျော်ဟိန်း၊ နေအောင်၊ မို့မို့မြင့်အောင်တို့ပါဝင်သော **‘ဒဏ်ရာဒဏ်ချက်’**။ အဘိုးသံ **‘တောင်သုံးလုံးသာသနာ့မော်ကွန်း’**။ နေမျိုးအောင်၊ လှအဥ္စလီတင့် ပါဝင်သော **‘လက်ခုပ်ထဲကမီး’**။ လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာတို့ပါဝင်သော **‘စပျစ်ချိုနှင့် ချယ်ရီဝိုင်’** (ရုပ်ရှင်ဇာတ်ကားကြီး)။

မိုးဒီ၊ မော့စ်၊ တင့်တင့်ထွန်း၊ မြင့်မြင့်ကြည်တို့ ပါဝင်သော **‘ရွှေမှူဆယ်အငြိမ့်’** ပြဇာတ်။ အောင်ပိုင်၊ သီတာမင်းလွင်တို့ပါဝင်သော **‘မင်းမျက်နှာနဲ့ငါ’**။ စိုင်းသီဟ၊ ကျော်ဇောဟိန်း၊ ယွန်းသက်ထားတို့ပါဝင်သော **‘ဖခင်သွေး’**။ ကင်းကောင်၊ ကုသိုလ်၊ ခင်မို့မို့အေး ပါဝင်သော **‘လွန်မယ်နော်’**။ ခင်လှိုင်၊ မြို့တော်ချစ်ဖွယ်၊ ပန်ဆုပြည့်ကျော်တို့ ပါဝင်သော **‘ကျေးလက်ကောင်းဘွိုင်’**။ မိုးဒီ၊ ခင်လှိုင်၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်တို့ ပါဝင်သော **‘လေအိုး’**။

နိုင်ထက်ဦး၊ ဖြိုးရတနာသွယ်တို့ ပါဝင်သော **‘နဂါးလည်းမကြောက်၊ ကျားလည်းမကြောက်’**။ ဝင်းမိုးကျော်၊ အောင်ဇော်၊ အာကာမြင့်အောင်တို့ ပါဝင်သော **‘ရဲရင့်သူတို့ နှလုံးသား’**။ ကင်းကောင်၊ ကျော်ထူး၊ ရတနာခင်၊ တက္ကသိုလ်ဂွမ်းပုံတို့ ပါဝင်သော **‘မှန်လိုက်တာဗျာ’**။ ရဲမင်းပိုင်၊ ဝင်းဝင်းမော်တို့ ပါဝင်သော **‘တစ်ကောင်ဘွားဘာသိန်း’**။ မင်းသစ္စာ၊ ဆုရွှန်းလဲ့တို့ ပါဝင်သော **‘ရဲတိုက်’** ဇာတ်ကားတို့ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

**ဒါရိုက်တာ အိ အိ ခိုင် ၏ စပျစ် ချိုနှင့် ချယ် ရီ ဝိုင် ဇာတ်ကား မှ ထွန်းအိန္ဒြာဗို ၏ သရုပ်ဆောင်ဟန်။**

## မောင် ဆွေ ထွန်း

**လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ ဝေမှိုင်းညို၏ ဒဏ်ရာ ဒဏ်ချက် ဇာတ်ကားမှ ကျော်ဟိန်း၏ အမူအယာ။**

## ရေခဲမြစ်ထဲကနေ ချော်ရေမြစ်ထဲကလ ဖြန့်ချိခွင့်ရ

**ရန်ကုန် ဩဂုတ် ၉**

ငွေအိမ်စံ ဗီဒီယိုမှ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ညိုမင်းလွင်၏ **‘ရေခဲမြစ်ထဲကနေ ချော်ရေမြစ်ထဲကလ’** ဗီဒီယိုဇာတ်ကားမှာ ဆင်ဆာခွင့်ပြုချက်ရရှိပြီး၍ မကြာမီဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည်။

ထိုဇာတ်ကားတွင် သူထူးစံ၊ဥက္ကာမင်းမောင်၊ ရတနာခင်၊ ထွန်းထွန်းဝင်းနှင့် ခင်သန်းနွယ်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

**(မြန်မာ့အလင်း)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်

## ကြေညာချက် (၄/၂၀၀၄)

**ရန်ကုန်မြို့ ၊ ၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် (၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)**

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသား၊ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် ၁၀ သိန်း ဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ် လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက် တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာ ပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်–

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစ၍ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့်ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ( မကလ–၅)နှင့်ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။**

## ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ပညာသင်နှစ် စတင်သည့်နေ့၌ အသက်(၂၀)နှစ်ထက် မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှု မရှိစေရ။

(ဃ) အနုပညာဝါသနာပါသူ ဖြစ်ရမည်။

၂။ ယဉ်ကျေးမှုတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်များမှာ–

(က) ဂီတပညာ

(ခ) သဘင်ပညာ

(ဂ) ပန်းချီပညာ

(ဃ) ပန်းပုပညာဟူ၍ အထူးပြုဘာသာရပ်(၄)ရပ်အား သင်ကြားပို့ချသွားမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်။

၃။ ယဉ်ကျေးမှုတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင် စာမေးပွဲအား ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် စာစစ်ဌာနများမှအောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း လျှောက်ထား တက်ရောက်ကြရမည်။

၄။ လျှောက်လွှာပုံစံများအား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ၂၆ ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း၌လည်းကောင်း၊ တစ်စုံလျှင်ကျပ်(၁၅၀)နှုန်းဖြင့် ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်းနှင့် ပတ်စပို့အရွယ်ဓာတ်ပုံ(၅)ပုံနှင့်အတူ ပူးတွဲလျက် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါတက္ကသိုလ်များ၌ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှ စတင်၍ စစ်ဆေးသွားမည် ဖြစ်ပါသည်။

၆။ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ တစ်ပါတည်းယူဆောင်လာရမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) တယ်လီဖုန်းအမှတ်–၀၁–၅၉၀၂၅၂ နှင့် ၀၁–၅၉၀၂၃၄ သို့ လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) တယ်လီဖုန်းအမှတ်–၀၉–၆၉၇၂၉၅၀၊ ၀၉–၆၉၇၂၉၅၁သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျော်ကျော်လှိုင် (မော်ကွန်းထိန်းအဆင့်–၁)**
**ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိစက်ရုံများအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်မည့်ရက်/အချိန် |
|---|---|---|
| Aluminium Sulphate | 710 MT | ၁၈–၈–၂၀၀၄ မွန်းတည့် ၁၂ နာရီ |

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။**




## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်–ဆ/၄၄၆၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (သာယာဝတီ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)။**

## အမြန်ဆက်သွယ်ပါ

Super Market တွင် ရောင်းချရန်အတွက် အသား၊ ငါး၊ ဟင်းသီး ဟင်းရွက် အသီးအနှံနှင့် အသင့်စားသုံးရန်ထုတ်လုပ် ထားသော စားသောက်ကုန် ပစ္စည်းမျိုးစုံတို့၏ လုပ်ငန်းရှင်များ အမြန်လာရောက် ဆက်သွယ်ပါ။

**ဆက်သွယ်ရန်–** Ph:383812, 373773

## အများသိစေရန်

ဒေါ်ခင်သန်းစောအမည်ပေါက် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ၊ မြေကွက်အမှတ် ၉၀၊ နှစ် ၆၀ မြေငှားဂရန်၊ အလျားXအနံ ပေ ၈၀X၉၁ ပေ၊ ၀ ဒသမ ၁၆၇ ဧက စတုရန်းပေ ၇၂၈၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဝေဇယန္တာဥယျာဉ်ရိပ်သာ၊ ၅ လမ်း၊ အမှတ် ၉၀ ဟုခေါ်တွင်သော နှစ်ထပ်တိုက်တစ်လုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ တရားဝင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အကျိုးသက်ရောက်ခွင့်ရှိသည်ဟု ယူဆသူမှန်သမျှ ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုအချိန်စေ့ရောက်သည်အထိ တားမြစ်ကန့်ကွက်သူမရှိလျှင် တရားဝင် အရောင်းအဝယ် ဖြစ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးဝင်းဆွေဦး** (ဥပဒေ၊စီးပွားရေး၊ဥပဒေဒီပလိုမာ)၊ **ဒေါ်လှလှဍွေး** (ဥပဒေ) တရားရုံးချုပ်ရှေ့နေများ

အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၅၃၅၈၉။

## ရဲယိုသီး ဝယ်သည်

ဖုန်း–၆၆၆၄၇၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား ဖြစ်သူ မောင်ဝင်းထွန်း ၁၂/ရကန(နိုင်) ၀၂၉၆၈၈ သည် မိဘစကားနားမထောင်သဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**ဦးအောင်ကြည်** စီဂျီ–၀၃၈၀၇၄

**ဒေါ်လှ** တီပီအင်–၀၀၀၈၉၉။



## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန

**အမှတ်၅၆၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်မှ အောက်ဖော်ပြပါဌာနများတွင် နည်းပြ(လစာနှုန်း ၅၄၀၀-၁၀၀-၅၉၀၀) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ပါဠိသက္ကတဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရူပဗေဒဌာန

၂။ လျှောက်ထားလိုသူများသည်

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် (၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၄၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အမှတ်စဉ်(ခ)ရာထူးအတွက် B.A (Hons) (English) ရရှိသူဖြစ်ရမည်။
(ဃ) ကျန်အမှတ်စဉ်များမှ ရာထူးများအတွက် အနိမ့်ဆုံးပညာ အရည်အချင်းမှာ သက်ဆိုင်ရာ ဘာသာရပ်တွင် M.A, M.Sc ရရှိပြီးသူဖြစ်ရမည်။
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

၃။ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော (လျှောက်လွှာပုံစံ)ကို တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းရေးရာဌာနခွဲ၊ တိုင်းရင်းဆေး တက္ကသိုလ် မန္တလေးနှင့် ပြည်နယ်/တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးများတွင် ဝယ်ယူလျှောက်ထားကြရမည်။

၄။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထားများနှင့် အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။ လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာနသို့ (၃၁-၈-၂၀၀၄) ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်။

၅။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လမ်းစဉ်အတိုင်း ပေးပို့၍ ကြိုတင်မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာနသို့ (၃၁-၈-၂၀၀၄)ရက်နေ့ နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။

၆။ အသေးစိတ်အချက်အလက်များကို ဝန်ထမ်းရေးရာဌာနခွဲ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

၇။ လူတွေ့၊ နှုတ်မေး အရည်အချင်းစစ်စာမေးပွဲကို (၂၀-၉-၂၀၀၄)ရက်နေ့တွင် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန။**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

ရော်ဘာပစ္စည်းထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနမှ မှိုင်းခံရော်ဘာကို အခြေခံ၍ ရော်ဘာပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ကို(၆-၉-၂၀၀၄) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ (၃၀-၈-၂၀၀၄) ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းကာလ - (၆-၉-၂၀၀၄) မှ (၂၄-၉-၂၀၀၄) အထိ
ပညာအရည်အချင်း - (၁) ဘွဲ့ရ
- (၂) လုပ်ငန်းအတွေ့အကြုံရှိက (၁၀)တန်းအောင်
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန**
**အမှတ် ၃၁၊ ကမ္ဘာအေးဘုရားလမ်း၊**
**နဝဒေးရပ်ရှင်ရုံရှေ့၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၆၆၆၀၂၄၊ ၆၆၀၄၅၅။**

**ဖခင်အမည်မှန်** အထက(၂)စမ်းချောင်း(Grade IIA)မှ မပေါက်ခန့်ဒိမ့်နှင့်(Grade 9A)မှ မကျင်ခန့်ကျိန်တို့၏ ဖခင် အမည်မှန်မှာ ဦးငိုယတွန် (U Ngo Za Tuang) ၁၂/မဂဒ (နိုင်) ၀၀၅၃၈၂ ဖြစ်ပါသည်။

## ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

**ရက်စွဲ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်**

ဒွါဒသမအကြိမ်(၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဂုဏ်ပြုလက်မှတ်များ ထည့်သွင်းချီးမြှင့်ရန် ယွန်းဘူး(စာချွန်လွှာဘူး) ဘူး ၂၀၀၀ ကို ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာ ပိတ်ရက်မှာ ၁၃-၈-၂၀၀၄ ရက်နေ့ ၁၆:၀၀ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီရုံး (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရေးဌာနစု)တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ-၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ။**

## (၂)နှစ်ပြည့် အလွမ်း
## ဦးမောင်မောင်(ခ)ဦးတင်ထွဋ်
## ၁၀-၈-၂၀၀၄

မိသားစုအပေါ် မြင်းမိုရ်တောင်မက မေတ္တာကြီးမားလှသော ကျေးဇူးရှင် ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၀-၈-၂၀၀၄ ရက်တွင် (၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်နှင့်အမျှ တမ်းတလွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖေဖေ့အတွက်ရည်စူးပြီး လစဉ်၊နှစ်စဉ် ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေ့အား အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာဓု အကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး** - ဒေါ်ခင်တီတီ
**သမီးကြီး** - ခင်မြတ်မြတ်အောင်(အလိမ္မာ)
*Resident Represenative of*
*Wongsamut Ocean Shipping Co., Ltd. (BKK) &*
*TCK Furniture Co., Ltd. (BKK)*
**သား** - ရန်လင်းမောင်(ခေတ္တ-U.K)
**သမီးငယ်** - သဲသဲဇလပ်ဖြူမောင် *(Grade XI, B.E.H.S-2, LATHA)*

## (၆)နှစ်ပြည့် အလွမ်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဗိုလ်မှူးကိုကိုကြီး(ငြိမ်း) ညွှန်ကြားရေးမှူး၊**
**အကောက်ခွန်ဦးစီးဌာန**

ကျေးဇူးရှင် ဖေဖေကြီး အေးမြတဲ့ မေတ္တာရိပ်ပျောက်ကွယ်ခဲ့သည်မှာ ၁၀-၈-၂၀၀၄ ရက်တွင် (၆)နှစ်ပြည့်ခဲ့သော်လည်း ကြေကွဲခြင်းများစွာဖြင့် နေ့စဉ်သတိရလျက်ပါ။ မိသားစုများ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုများကြောင့် မြင့်မြတ်သည့် ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေကြီးရေ အမျှ-အမျှ-အမျှ

**ချစ်ဇနီး-ဒေါ်တင်တင်လှနှင့်**
**သားသမီးမြေးများ။**




## ဒေါ်ဝင်းကြည်
### (ကသာမြို့)
### အသက်(၅၇)နှစ်

စစ်ကိုင်းမြို့ နတ်ပန်းရပ်နေ (ဦးဘိုကေ-ဒေါ်ဌေး)တို့၏ သမီး၊ ရွှေဘိုမြို့နေ (ဦးစံငြိမ်း-ဒေါ်ရီ)၏သမီးချွေးမ၊ ကသာမြို့ စည်ပင်သာယာဝင်းနေ (ဦးမြင့်အောင်)-ဒေါ်စိန်ရည်အေး၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်လှလှဝင်း၊ မန္တလေးမြို့နေ ဦးမောင်မောင်-ဒေါ်မိမိကြီး၊ ကသာမြို့နေ ဦးအောင်အောင်တို့၏အစ်မကြီး၊ ကသာမြို့ ရပ်ကွက် (၅) ၁လမ်းနေ မဝင်းမာထူး (ရွှေလီ-မဘိမ်းသစ်ထုတ်ရေး)၊ မခိုင်မာထူး၊ ကိုဝင်းဇော်ထူး၊ ကိုဖြိုးဝေအောင်-မလှိုင်မာထူး၊ မဥမ္မာထူး (ရွှေလီ-မဘိမ်းသစ်ထုတ်ရေး)၊ မဝါဝါထွေး၊ မခန့်မိမိကျော်တို့၏ မိခင်၊ မောင်ထက်ဇာနည်အောင် (ခ) Rဇာနည်၏ ဘွားဘွား၊ ကသာမြို့ရပ်ကွက် (၅) ၁လမ်းနေ ဦးမောင်ထူး၏ ဇနီးသည် (၆-၈-၂၀၀၄)ရက် ည ၉နာရီ ၂၅မိနစ်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခင်သန်းထွေး ၁၃/နခန(ပြု)၀၀၀၀၄၂ ကိုင်ဆောင်သူ (Long Men & Phyoe Trading Co., Ltd.)၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇ လမ်း၊ အမှတ်(၄၂)နေ ဦးမောင်မောင်ကြီး ၁၂/ပဘတ(နိုင်)၀၂၅၅၇၈ နှင့် ဇနီး ဒေါ်ညွန့်ရီ TME-၀၀၈၄၂၆(တစ်သုံးလုံး စက္ကူရောင်းဝယ်ရေး)တို့ထံမှ စက္ကူထုပ်တန်ဖိုးငွေကျပ် ၉၃၃၂၅၀၀ရရန်အတွက် ၁၄-၉-၂၀၀၃ရက်စွဲပါ ကတိပဋိညာဉ်စာချုပ်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇ လမ်း၊ အမှတ်(၄၂)၊ ဆဋ္ဌမထပ် ခုနစ်လွှာ၊ (ဝဲဘက်အခန်း) အား ကျွန်ုပ်မိတ်ဆွေသို့ လွှဲပြောင်းပေးအပ်ရန် အချိန်စေ့ရောက်ပြီးဖြစ်ပါသည်။ လူမှုရေးငဲ့ညှာဖြေရှင်းပေးမှုမပြေလည်သဖြင့် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်နေပါသည်။

သို့အတွက် အရှုပ်အရှင်းမကင်းသော အဆိုပါအခန်းအားမည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ ပေးကမ်း၊ အမည်ပြောင်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းတစ်ရပ်ရပ် မပြုလုပ်ကြရန် တားမြစ်အသိပေးပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| **ဒေါ်ခင်မြင့်(သထုံ)** | **ဒေါ်မေခိုင်ထွန်း(ရှမ်းပြည်)** |
|---|---|
| **B.A,R.L.,D.B.L** | **B.Sc., R.L.,D.B.L.,D.M.L** |

**တရားရုံးချုပ်ရှေ့နေများ**
**အမှတ် ၅၀၊ အခန်းအမှတ်(၁)၊ (ဒု)ထပ်၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၅၈၀၁၄၇**

**မိတ္တူလျှောက်ထားခြင်း** ယာဉ်အမှတ် ဇ/၄၃၈၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(ထားဝယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(ထားဝယ်)။**

## Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ (Mr. Lee Woot Tong-Mrs. Wong Chot) တို့၏သမီး၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ ရွှေသရဖီလမ်းမကြီး၊ အမှတ် H-(77/A) နေ ( Mr. Yat Sun Pun)၏ဇနီး၊ Ms. Patricia Pun၊ Mrs. Vivian Lim(ဦးစိန်ထွန်း)၊ Mrs. Suzanne Pun-ဦးဇော်မင်းသွင်၊ Mr.Martin Pun- Mrs. Adorn Pun၊Mr. Serge Pun(ခ)ဦးသိမ်းဝေ၊ Mrs. Rosa Pun တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၆-၈-၂၀၀၄ရက် နံနက် ၁နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် St. Augustine Church၊ အင်းလျားလမ်းတွင် ဝတ်ပြုဆုတောင်းအစီအစဉ်ပြုလုပ်ပြီး ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (St. Augustine Church နှင့် FMI Centre မှ နံနက် ၁၁ နာရီနှင့် အမှတ် ၁၊ Finger Lake, FMI City မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးအေးသိန်း (ကြို့ပင်ကောက်)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ [ဦးလှမောင်(အငြိမ်းစား စက်ရှင်တရားသူကြီး)-ဒေါ်လေးမေ]တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ဆုံ)တို့၏ သားသမက်၊ အမှတ်(၅၇)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ (ဦးအောင်နေလင်း)၊ ဦးအောင်ဝေလင်း-ဒေါ်ခင်အေးဝင်း၊ ဦးမြအေး-ဒေါ်ကြေးမုံအေးတို့၏ဖခင်၊ စန္ဒာလင်း၊ ကိုချစ်ကိုကို-ဒေါက်တာခင်ပြည့်စုံလင်း၊ ကိုတိုးဝေလင်း၊ ဝေယံဖြိုးဦးတို့၏အဘိုးသည် ၈-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၇း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းဒင်(ခ)ဦးလှမောင် (နတ္တလင်း)
**ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန်(ငြိမ်း)**
**ညွှန်ကြားရေးမှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒ၊ငြိမ်း)**
**အသက်(၈၅)နှစ်**

နတ္တလင်းမြို့၊ ဘိုးဘွားရိပ်သာ မတည်အလှူရှင်သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ၂၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၊နတ္တလင်းမြို့။**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသောင်းလှ (ကသာ) အသက်(၆၈)နှစ်

High Power Wave °Co.,Ltd.၏ MD ဦးအောင်သောင်းညွန့်-ဒေါ်တင်တင်ကြည်တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးသောင်းလှသည် ၆-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**KOL Global Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသောင်းလှ (ကသာ) အသက်(၆၈)နှစ်

Integrated Mechanical Engineering Group °Co.,Ltd. ၏ Director ဦးအောင်သောင်းညွန့်-ဒေါ်တင်တင်ကြည်တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးသောင်းလှသည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**I.M.E.G မှ သူငယ်ချင်းများ။**

## မခင်ခင်လေး(ခ)အိမ့်သက်မှူး B.Sc (Bot)
**အသက်(၃၈)နှစ်**

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊(၁)ရပ်ကွက်၊ အမှတ် ၆၄၀၊ ကမ်းနားလမ်းနှင့် ၃ လမ်းထိပ်နေ (ဦးမြမောင်)-ဒေါ်ခင်နွဲ့တို့၏သမီး၊ ကိုထင်လင်း-မဆွေဆွေဦး၊ ကိုသူရ၊ ကိုလင်းနောင်-ခါမိဒိုင်မိဟို၊ မယမင်းဦး၊ မောင်ရန်ပိုင်တို့၏အစ်မ၊ မရွှေစင်ထင်လင်း၏ကြီးကြီးသည် ၈-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း

ဦးရဲအောင် (M.D, Asian Aries Co., Ltd.)- ဒေါ်ခင်လဲ့လဲ့ဝင်း (Chairman, Su Shwe Sin Co., Ltd.) တို့၏ဦးလေးကြီး ဦးကာခွန်း(ခ) ဦးသိန်းဟန်(ပခုက္ကူ)သည် ၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကုဋေကြွယ် သယ်ယူပို့ဆောင်ရေးမှဝန်ထမ်းများ။**

## ဦးလှထွန်းဦး (ပဲခူး)
**ဘူမိဗေဒအရာရှိ(ငြိမ်း)၊ဘဓရ**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေဦးကံမြင့်-(ဒေါ်ခင်နု)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ အမှတ် ၉၂၆၊ ကျောက်စိမ်း၇လမ်း၊(၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်တင်မြင့်(အထက-၁၊ မ/ဥ)၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်စိန်စိန်၊ ဒေါ်လှမြင့်တို့၏ ညီမောင်၊ (ဗိုလ်မှူးကျင်သိန်း)-ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်မြင့်-ဒေါ်ကြူကြူအေး၊ ဦးဝင်းတင်-ဒေါ်ကြူကြူမွှေး၊ ဦးဇင်ဦး-ဒေါ်အေးအေးမြင့်၊အရာခံဗိုလ်တင်မောင်ဝင်း-ဒေါ်တိုးတိုးမြင့်တို့၏အစ်ကို၊မသီရိသက်သက်ဦး(B.A Hons, MA 1st Year)၊ မကေခိုင်ဝတ်ရည်ဦး(B.Ed Final)၊ မောင်ဥက္ကာမျိုးမြတ်ဦး(3rd M.B, IM.2)တို့၏ဖခင်သည် ၈-၈-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၄၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသိန်းသန်းထွန်း
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ် ၄၄ နေ (ဗိုလ်မှူးလှဖေ-ဒေါ်မြကြွယ်)တို့၏သား၊ ဒေါ်ဥမ္မာ(အလပြ၊ အမက-၂၆၊ တာမွေ)၏ခင်ပွန်း၊ မောင်သူရထွန်း (Digital Wave)၊ မအိန္ဒြေလွင် (အဌမတန်း-F၊ အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ ဒေါ်ခင်အေးခိုင်(ဦးစီးအရာရှိ၊ ငြိမ်း၊ မကွေးတိုင်း သမဦးစီးဌာန)၊ (ဦးမျိုးမြင့်ဟိဏ်း)၊ ဒေါ်ခင်ငွေးလှိုင်(အလုံအချိုရည်စက်ရုံ)၊ဦးအောင်မျိုးမင်း (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏ ညီ/မောင်၊ ဦးစိုးညွန့်လှိုင် (Mectronic GEP၊ ဒဂုံတောင်)၏အစ်ကိုသည် ၉-၈-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကာခွန်း(ခ)ဦးသိန်းဟန်
**အသက်(၆၇)နှစ်**

ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ ပန်းစွာလမ်းနေ(ဦးပွေအန်း-ဒေါ်ရွှေသင်)တို့၏သားကြီး၊ ဒေါ်ခင်ရှု၊ ဒေါ်ခင်ထူး၊ ဒေါ်ရှုဝမ်တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးတင်ရွှန်း-(ဒေါ်ကြင်ခင်)တို့၏အစ်ကို၊ ဦးရဲအောင်(M.D,Asian Aries Co.,Ltd.)-ဒေါ်ခင်လဲ့လဲ့ဝင်း(Chairman, Su Shwe Sin Co.,Ltd.)၊ မရွှေရည်သင်း၊ မဟေနွယ်ဦး၊ မောင်ဇေယျာဘုန်း(ခေတ္တ-Singapore)တို့၏ဦးလေးကြီးသည် ပခုက္ကူမြို့ ချမ်းမြေ့ဆေးခန်း၌ ၈-၈-၂၀၀၄ရက် ညနေ ၆ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၀-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင် ပခုက္ကူမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးမျိုးမင်းထွန်း(ခ)မင်းမင်း (ပန်းဘဲတန်းမြို့နယ်)
**Senior Cadet P.C.L. Shipping Line**
**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၆/၂၈)၊ ၂၉လမ်းနေ ဦးလှထွန်း(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ညွန့်ညွန့်သန်း (ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)တို့၏သားကြီး၊ (ဦးစိန်ပေါ်သူ-ဒေါ်တင်ထူး)တို့၏ သားသမက်၊ ဒေါ်စိမ်းစိမ်းထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရန်နိုင်ဦး(ပထမတန်း-ည၊TTC)၊မောင်မျိုးရာဇာတို့၏ မွေးသဖခင်၊ဗိုလ်မှူးကျော်မင်းထွန်း(ဆက်သွယ်ရေး) -ဒေါ်အေးအေးထွန်း၊ ကိုအောင်သူရ-မသီတာထွန်း(UMTA)၊ ကိုအောင်ဇော်ထွန်း(သရုပ်ပြ၊ ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏အစ်ကိုကြီး ဦးမျိုးမင်းထွန်း(ခ)မင်းမင်းသည် ၈-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးသိန်းထွန်း
**(၁၀-၇-၂၀၀၄ - ၁၀-၈-၂၀၀၄)**

မေတ္တာတရားကြီးမားလွန်းသည့် ချစ်ခင်ပွန်း မမျှော်လင့် မနှုတ်ဆက်ဘဲ ထာဝရခွဲခွာသွားခဲ့တာ တစ်လတိတိပြည့်သွားသော်လည်း စက္ကန့်မလပ် သတိရနေဆဲပါ။ ပြုပြုသမျှ ကုသိုလ်အားလုံးကို မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး-ခင်မမ။**

## ဝမ်းနည်းကြေကွဲခြင်း

ဦးရဲအောင် (M.D, Asian Aries Co., Ltd.)- ဒေါ်ခင်လဲ့လဲ့ဝင်း (Chairman, Su Shwe Sin Co., Ltd.) တို့၏ဦးလေးကြီး ဦးကာခွန်း(ခ) ဦးသိန်းဟန်(ပခုက္ကူ)သည် ၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရေကြောင်းအရာရှိ သူငယ်ချင်းများ၊**
**တက္ကသိုလ်မှ ဆရာ၊ ဆရာမများ။**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးမယ် (ကျောက္ကာ)
**အသက်(၈၄)နှစ်**

ကော့သောင်းမြို့၊ရွှေပြည်သာရပ်ကွက်၊ ဗိုလ်မြတ်လေးလမ်း၊ အမှတ် ၁၈၃ နေ ဦးလှထူး-ဒေါ်အေးနွဲ့ (အသင်းဝင်အမှတ်-၁၄၆၈)တို့၏ မိခင်သည် ၆-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့နေအိမ်မှ ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးစိုးမြင့် (ကျုံမငေး)
**စိုး-ကွန်ပျူတာစာစီနှင့်စာကူးစက်**
**အသက်(၅၃)နှစ်**

ကျုံမငေးမြို့၊ မြမာလာ ၁ လမ်းနေ (ဦးမှုရှီး-ဒေါ်အမိနန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၂ နေ ဦးလှရွှေ-ဒေါ်ခင်မေ (အောင်ရွှေထွန်း တာယာဆိုင်)တို့၏သားသမက်၊ဒိုရှန်ဘီ(ခ)ဒေါ်အေးခင်၏ခင်ပွန်း၊ ကိုတင်စိန်-မကြည်ကြည်ဝင်း၊မအေးသန္တာစိုး၊မောင်အောင်အောင်စိုး-မစန္ဒာဝင်း၊ မောင်အောင်ဇော်မင်း၊ မောင်သန့်ဇင်တို့၏ဖခင်၊ မောင်ဇော်လွင်ထွန်း၊ မောင်ဇာနည်ကျော်တို့၏အဘိုးသည် ၈-၈-၂၀၀၄ ရက် ည ၈း၄၅နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၉-၈-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအစ္စလာမ်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## မချိုမာဦး(ခ)မချိုမာ
**B.A (History)**
**(ဖဆပလ)**
**အသက်(၃၇)နှစ်**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၀၊ အခန်း ၂၃ နေ ဦးအုန်းရွှေ-ဒေါ်သန်းတင်တို့၏သမီးကြီး၊ (ဦးတင်လှ)-ဒေါ်ပိုးတို့၏သမီးချွေးမ၊ကိုတင်အေး(ခ)ကိုဖိုးအေး၏ဇနီး၊ ကိုဝင်းသိန်း-မအေးအေးနိုင်တို့၏အစ်မ၊ မသန့်နေရည်ဦး(အမက-၁၊မင်္ဂလာတောင်ညွန့်)၏မိခင်သည် ၉-၈- ၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈- ၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ရဟန်းကျောင်းဒါယကာ
## ဦးအောင်သန်း
**(အလုံမြို့နယ်၊ ရွှေပြည်သာမြို့သစ်)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၈ (သုံးလွှာ၊ ဘီ)နှင့် ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ အောင်စေတနာလမ်း၊ ပန်းခြံ ၅၊ အမှတ် ၁၁၉၇(ခ)နေ (ဦးကျင်ခြုံ - ဒေါ်သိန်း)တို့၏ သား၊ (ဦးဘဦး - ဒေါ်ကလေးမ)တို့၏ သားသမက်၊ လသာမြို့နယ်၊ ၁၇ လမ်းနေ ဒေါ်ရှုခင်၏တူ၊ ဒေါ်တင်(ခ)ဒေါ်တင်တင်အောင်၏ခင်ပွန်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနေ(ဒေါ်ကြင်ပိုင်)၏မောင်၊ ဦးချစ် - ဒေါ်သန်းသန်းတို့၏ အစ်ကို၊ ဦးအောင်ညွန့်-ဒေါ်မြတ်မော်ဦး(ခ)မတူးပို့၊ ဦးကျော်သူ(ကိုကျော်သူ ကားဘော်ဒီဆေးမှုတ်လုပ်ငန်း) - ဒေါ်ငွေဘော်၊ (ဦးသိန်းစိုး) - ဒေါ်သင်းသင်းအောင်၊ (ဦးခင်စိုး)-ဒေါ်စိုးစိုးအောင်၊ဦးတင်ကိုကို(ခ)ကိုငယ်လေး-ဒေါ်ဥမ္မာရီ၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြင့်ဇော်-ဒေါ်ထွေးထွေးလွင်တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာကြီး
## လယ်တီယောဂီ
## ဦးထွန်းကြည် (မာန်အောင်)
**(ကုန်သွယ်/လယ်ယာ၊ငြိမ်း)**
**မာန်အောင်မြို့နယ်အသင်း၊**
**ဘဏ္ဍာရေးမှူး(ဟောင်း)**
**အသက်(၆၆)နှစ်**

မာန်အောင်မြို့နယ်နေ(ဦးစိန်လှကျောင်း-ဒေါ်မအောင်)တို့၏သား၊ (ဦးမှဲ့ဦး-ဒေါ်လှညွန့်)တို့၏သားသမက်၊ ဒေါ်အောင်တင်၏ခင်ပွန်း၊ (ဦးထွန်းတင်-ဒေါ်အုံးရင်)၊ (ဦးသာထွန်းဦး)-ဒေါ်ခင်ညွန့်၊ ဦးအောင်သစ်-ဒေါ်ခင်နုတို့၏ ညီ/မောင်၊ ဦးဘရွှေ(အကြံပေးအရာရှိ၊ ဆလရ)-ဒေါ်သိန်းကြည် (ရက္ခဗေဒ၊ ငြိမ်း)တို့၏အစ်ကို၊ မောင်အောင်ဇော်မိုး(W.E.G Co. အင်ဂျင်နီယာ၊ ရေသန့်၊ ပျဉ်းမနား)၊ မောင်အောင်ကျော်စိုး(MITT)၊ မောင်အောင်နိုင်မျိုးတို့၏ ဖခင်သည် ၇-၈-၂၀၀၄ရက် (စနေနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၄၊ စေတနာသုခလမ်း၊ လှည်းတန်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးလင်တင်ချိုင်
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်၉၂နေ (ဒေါ်ဂွက်အိန်း)၊ (ဒေါ်ချီတုတ်ရီ)၊ဒေါ်သန်းမြင့်တို့၏ ခင်ပွန်း၊ဦးသန့်ဇင်-ဒေါ်ခင်လှမြင့်၊ ဒေါ်မြင့်မြင့်မော်-ဦးညီညီစိုး၊ ဦးမျိုးအောင်-ဒေါ်တင်ကြည်၊ ဒေါ်ရီရီမြင့်-ဦးမြင့်ထွေး၊ ဦးရှိန်-ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်စန္ဒာ-ဦးမျိုးနိုင်တို့၏ဖခင်၊ မြေး၁၆ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂း၃၀ နာရီတွင် ဆာကူရာဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ကြည်ကြည်
**(တောင်ငူမြို့)**
**(အိုင်ဘီပီကိုယ်စားလှယ်)**
**အသက်(၇၇)နှစ်**

တောင်ငူမြို့၊ အမှတ် ၈/၂၃၊ စတီးလမ်းနေ ဦးလှအောင်၏ဇနီး၊ ဒေါက်တာဗညားအောင်-ဒေါက်တာယုယုစိန်၊ဦးခင်မောင်-ဒေါ်သဇင်အောင်၊ ဦးဇော်ဝင်းမော် - ဒေါ်စပယ်အောင်၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်-ဒေါ်ကြူကြူအောင်၊ ဦးသတို့အောင်-ဒေါက်တာစောစောဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၉-၈-၂၀၀၄ရက် နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးကျော် (ရွှေမန်းရပ်ရှင်ရုံ)
**(မင်းကင်း)**
**အသက်(၇၁)နှစ်**

မင်းကင်းမြို့နေ (ဦးဟေမာန်-ဒေါ်စိန်ညွန့်)တို့၏သား၊ ဦးသန်း၊ ဒေါ်သန်းနွဲ့တို့၏ညီ/မောင်၊ ဦးသန်းဆွေ(ဦးခေမာ)၏အစ်ကို၊ ရန်ကုန်တိုင်း၊ အမှတ် ၄၉၂၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ [ဒေါ်အုံးကြည်(ခ) ဒေါ်ကြည်ကြည်ခင်]၏ခင်ပွန်း၊ ဦးတင်အောင်(မြန်မာ့လေကြောင်း)-ဒေါ်ခင်ပြုံးရီ၊ ဦးထွန်းအောင်(MPA)-ဒေါ်အေးအေးမာ၊ ဦးမောင်မောင်ဦး-ဒေါ်စန်းစန်းငွေ (အလက-၂၊ သာကေတ)၊ ဦးသာမိုး-ဒေါ်ခင်ခင်ကြည်၊ ဒေါ်ဥမ္မာရီ၊ ဒေါ်သူဇာရီ (အထက-၂၊ တ/ဥ)၊ ဦးကျော်စိုးမိုး၊ ဒေါ်ထိုက်ထိုက်လင်း(နည်းပြ၊ဝါဏိဇ္ဇဗေဒဌာန၊ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ဖခင်၊ ဗိုလ်လောင်းထူးအိမ်လွင် (စတုတ္ထနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)၊ မလွဲ့လွဲ့ဝတ်ရည်၊ မလွဲ့လွဲ့ဝင်းမာ၊ မောင်သက်နိုင်ဇော်တို့၏ အဘိုးသည် ၉-၈-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးတင်ထွန်းနိုင်(ခ)ဦးချွေဆင်
**LL.B (တရားရုံးချုပ်ရှေ့နေ)**
**(သန်လျင်)**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ ၉၈လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးစိန်စိန်-ဒေါ်ကျင် အေး)တို့၏သား၊ (ဦးရှိန်း)-ဒေါ်မြခိုင်တို့၏မွေးစားသား၊ ဦးကျော်-ဒေါ်မကျော်၊ ဦးခင်မောင်-ဒေါ်ငြိမ်းရင်၊ ဦးကျော်သိန်း-ဒေါ်လှရင်၊ (ဦးမောင်ကူ)-ဒေါ်ပေါက်ရင်၊ ဒေါ်အေးသိန်း(ခ) ဒေါ်ကုန္ဒြာစာရီ၊ (ဦးချစ်စိန်-ဒေါ်ကြည်ကြည်ဝင်း)၊ ဦးသန်းထွန်းကျော်-ဒေါ်နုနုရီ၊ ဦးကာစိန်၊ ဒေါ်ဘေဘီ၊ ဦးဝင်းကြည်-ဒေါ်ပိုပို၊ ဦးနိုင်ဝင်းတို့၏ညီ/မောင်၊ ဦးသိန်းလွင်-ဒေါ်ဖြူစူး၊ ဦးဖူးစိန်တို့၏အစ်ကို၊ တူ တူမ ၄၃ ယောက်တို့၏ဦးလေး၊ မြေး ၃၁ ယောက်တို့၏ အဘိုးသည် ခြံအမှတ် ၂၃/ည၊ ဘုရင့်နောင်လမ်း၊အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ် ဦးတင်ထွန်းနိုင်(ခ) ဦးချွေဆင်သည် ၉-၈-၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အောင်ချမ်းသာနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဥူးကေသရ
**ရွှေဥမင်ဩဝါဒါစရိယ ပဓာနနာယက (ရွှေကျင်)**
**ရွှေဥမင်တောရစာသင်တိုက်**
**သက်တော်ရှည်ဆရာတော်ကြီး**
**သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါ**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေဥမင်တောရစာသင်တိုက် ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဥူးကေသရသည် ၂၀၀၄ခုနှစ် ဩဂုတ် ၈ ရက် (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်)တနင်္ဂနွေနေ့ နံနက် ၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၀၀၄ခုနှစ် ဩဂုတ် ၁၄ ရက် (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်) စနေနေ့တွင် အဂ္ဂိစျာပနပူဇော်ပွဲသဘင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေအပေါင်းတို့အားသိရှိနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရွှေဥမင်ဆရာတော်ကြီး၏အကျိုးတော်ဆောင်ဂေါပကအဖွဲ့။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညုမဟာနာယက**
## သက်တော်ရှည် ဘဒ္ဒန္တ ဥူးကေသရ
**သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါ**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေဥမင်ဘုရားကြီး၏ ဩဝါဒါစရိယ၊ ရွှေဥမင်တောရစာသင်တိုက်နှင့် ဗဟန်းမြို့နယ်၊ ဂွတ္တလစ်ရပ်ကွက်၊ ဇေယျာသုခစာသင်တိုက်တို့၏ ပဓာနမဟာနာယက၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညုမဟာနာယက၊ ရန်ကုန်တိုင်းဝိနည်းပြန်ဌာန၏မဟာနာယက၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဩဝါဒါစရိယဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီးဘဒ္ဒန္တ ဥူးကေသရသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်(၈-၈-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၄-၈-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးအဖွဲ့။

## ကသာခရိုင်အသင်း(ရန်ကုန်)
## ဒေါ်သန်း
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ အမှတ် ၄၂၊ ရန်ကင်းလမ်းနေ (ဦးဝင်း)၏ဇနီး၊ ဒေါ်ကြည်ကြည်စံ၊ ဦးမြတ်တင်-ဒေါ်ခင်ပြုံး၊ ဒေါ်မြမြအေး၊ ဦးမောင်မောင်အေး၊ ဦးမောင်မောင်သန်းတို့၏မိခင်၊ ကိုကျော်ကျော်မော်-မခင်လေးမွန်၊ မပုလဲသန်းတို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၈-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့။

## ဦးသိန်းသန်းထွန်း
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ် ၄၄ နေ (ဗိုလ်မှူးလှဖေ-ဒေါ်မြကြွယ်)တို့၏သား၊ (ဦးကိုကိုကြီး)-ဒေါ်သိန်းညွန့်တို့၏သားသမက်၊ ဒေါ်ဥမ္မာ(အလပြ၊အမက-၂၆၊တာမွေ)၏ခင်ပွန်း၊ မောင်သူရထွန်း (Digital Wave)၊ မအိန္ဒြေလွင် (အဌမတန်း-F၊ အထက-၂၊ ဗဟန်း)တို့၏ဖခင်သည် ၉-၈-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးမျိုးမင်းထွန်း(ခ)မင်းမင်း
**(ပန်းဘဲတန်းမြို့နယ်)**
**Senior Cadet P.C.L Shipping Line**
**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၆/၂၈၊ ၂၉လမ်းနေ ဦးလှထွန်း(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)-မြောင်းမြမြို့နယ်အသင်း၏ ရာသက်ပန်အသင်းဝင် ဒေါ်ညွန့်ညွန့်သန်း(ဟိုတယ်နှင့်ခရီးသွားလာမှုဦးစီးဌာန)တို့၏ သားကြီး၊ (ဦးစိန်ပေါ်သူ-ဒေါ်တင်ထူး)တို့၏ သားသမက်၊ ဒေါ်စိမ်းစိမ်းထွန်း၏ခင်ပွန်းသည် ၈-၈-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)။

## ဦးလင်တင်ချိုင်
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊အမှတ် ၉၂နေ(ဒေါ်ဂွက်အိန်း)၊ (ဒေါ်ချီတုတ်ရီ)၊ ဒေါ်သန်းမြင့်တို့၏ ခင်ပွန်း၊ ကိုကျော်ကျော်သန့်၊ မစိုးယုယုသန့်-ကိုငွေးဝင်း၊ကိုသီးသန့်၊ ဒေါက်တာအေးမင်းစိုး၊ မမီမီစိုး၊ မောင်သန်းထိုက်စိုး၊ မောင်သက်ပိုင်မျိုးအောင်၊ မောင်လင်းသူမျိုးအောင်၊မစံစံမျိုးအောင်၊မောင်ရဲသီဟ၊ မစုစုလှိုင်၊မယဉ်မင်းကျော်၊မောင်ကောင်းစံ၊ မမိုးပွင့်သူ၊မောင်သာထူးဆင့်၊မောင်ပြည့်ဖြိုးနိုင်တို့၏အဘိုးသည် ၈-၈-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးအေးသိန်း (ကြို့ပင်ကောက်)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ [ဦးလှမောင် (အငြိမ်းစား စက်ရှင်တရားသူကြီး)-ဒေါ်လေးမေ]တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ဆုံ)တို့၏ သားသမက်၊ အမှတ်(၅၇)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ရီ ၏ ခင်ပွန်း၊ ဦးသန်းမြင့်-ဒေါ်လွင်လွင်သိန်း၊ ဦးလှမော်-ဒေါ်နီလာလူ၊ ဦးသိန်းအောင်-ဒေါ်တင်တင်အေး၊ (ဒေါ်ခင်လတ်)၊ ဦးသန်းထွန်းတို့၏ ညီ/အစ်ကို၊တူတူမ၁၃ယောက်တို့၏ ဘကြီး၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်၇း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ကွယ်လွန်ပါ၍ ၁၀-၈-၂၀၀၄ ရက်(အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယိကာမကြီး
## ဒေါ်လှလှညွန့်
**(ဒေါ်လှဇ ရောင်စုံပုံနှိပ်တိုက်)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ငါးထပ်ကြီးဘုရားလမ်း၊အမှတ် ၉၇/၁ နေ(ဦးညွန့်-ဒေါ်လှဇ)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးဟုတ်ဝမ် - ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ ဦးတင်မြင့်(ရုံးအုပ်၊ စက်မှုဌာန၊ မြန်မာ့လေကြောင်း)၏ဇနီး၊ မခင်ချစ်ချစ်(MEGA Products., Ltd.)၊ မသန္တာအောင်၊ မောင်မျိုးသီဟ(တတိယနှစ်၊ အင်္ဂလိပ်စာ ၊ဒဂုံတက္ကသိုလ်)တို့၏ မိခင်၊ မောင်ထက်အာကာဝင်း၏အဘွားသည် ၉-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# နိုင်ငံ့စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီပေးလျက်ရှိ ပြည်သူများ၏အကျိုးစီးပွား နိုင်ငံတော်ကမျက်ခြည်ပြတ်မခံ ထားဝရ ဖြည့်ဆည်းဆောင်ရွက် နိုင်ငံအတွက်အရေးကြီးသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ စွမ်းအားပြည့် ပူးပေါင်းပါဝင်

**ရန်ကုန် ဩဂုတ် ၉**

ဆီအုန်းလုပ်ငန်းနှင့်လယ်မြေ၊ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိ ဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍အမှာစကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ ❒**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော် ထုတ် စိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်း ရှင် များ နှင့် တွေ့ဆုံ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာ စကား ပြောကြား စဉ်။(သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်

- ★ နိုင်ငံတော်တွင်အဓိကကျသည့်ကုန်ထုတ်လုပ်ငန်းမှာ စိုက်ပျိုးထုတ်ကုန်သီးနှံ ထုတ်လုပ်ရေးလုပ်ငန်းဖြစ်။
- ★ တိုင်းပြည်၏စီးပွားရေးသည်အခြေခံအားဖြင့် စိုက်ပျိုးရေးအပေါ်တည်မှီနေသည့်အလျောက် စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာရန်မှာလည်း အဓိကအားဖြင့် မိုးရာသီအတွင်း လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရေးသည် အလွန်ပင်အရေးကြီး။
- ★ လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ကြရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ထိရောက်အောင်မြင်စွာဖြင့် ကြိုးပမ်းအားထုတ်လုပ်ကိုင် သွားကြရန်လိုအပ်။
- ★ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်လာရန် အရေးကြီး သည်ဟုဆိုရာတွင် ထုတ်လုပ်ရရှိသည့် စိုက်ပျိုးထုတ်ကုန်သီးနှံများသည် ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်သာမက အဓိကပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ရန် လိုအပ်ချက်လည်း ရှိနေသဖြင့် ပြည်တွင်းစားသုံးမှု ပိုလျှံသည့်အပြင် ပြည်ပသို့ပါ တိုးချဲ့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်ကုန်သီးနှံများကို တိုးတက်စိုက်ပျိုး လုပ်ကိုင်သွားကြရန်ဖြစ်။
- ★ ပြည်တွင်းစားသုံးရန် လိုအပ်သည့် အဓိကသီးနှံများနှင့် ဈေးကွက်ဝင်ပို့ကုန်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်သီးနှံ ရောင်းဝယ်မှု ဆိုင်ရာ မူဝါဒများကို ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးထားပြီးဖြစ်။
- ★ ယနေ့ဆိုလျှင် နိုင်ငံတော်ကချုပ်ကိုင်ထားသည့် စီးပွားကုန်သွယ်မှုလုပ်ငန်းများသည် မရှိသလောက်ပင်ဖြစ်ကြောင်း။ ယခင်ခေတ်ကာလများက နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်လုံး ထိန်းချုပ်ထားခဲ့သည့် ကုန်ပစ္စည်း (State-Controlled Commodities) များနှင့် ပတ်သက်၍ မိမိတို့ တာဝန်ယူသည့် ကာလအတွင်း ထူးထူးခြားခြားပင် ထိန်းချုပ်မှုကင်းလွတ်ခွင့်များပေးပြီးအားလုံးလွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့။

စာမျက်နှာ ၉ ကော်လံ ၅ ✻


မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံကြီးဟာ ရှေးအစဉ်အလာကထိန်းသိမ်းထားခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်တွေ စုစည်းရာ မြေ၊ သဘာဝ တောတောင်ရေမြေ အလှအပတရားတွေနဲ့ ပြည့်စုံသလို သယံဇာတတွေပေါ်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအလိုက် ကိုယ်ပိုင်ဓလေ့စရိုက်၊ ရိုးရာဓလေ့ထုံးစံလေးတွေ ကိုယ်စီနဲ့အတူ ညီညွတ်စွာနေထိုင်တဲ့ နိုင်ငံလဲဖြစ်ပါတယ်။ ရွှေရောင်တွေဝင်းနေတဲ့ စေတီပုထိုးတွေနဲ့အတူ ရွှေရောင်လွှမ်းတဲ့နိုင်ငံ(Golden Land)ရယ်လို့ တင်စားခေါ်ဆိုထိုက်ပါတယ်လို့ ချီးကျူးကြပါတယ်။

မလေး(မြစ်ကြီးနား)၏ "ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလာသော ပြည်တွင်းခရီးသွားလုပ်ငန်း" ဆောင်းပါး စာ-၁၀




### ငမင်းရေလှောင်တမံ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုလျက်ရှိသည့် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်ရှိ စိုက်ပျိုးမြေ ဧက ၄၀၀၀ အတွက် ရေပေးဝေလျက်ရှိသည့် ငမင်းရေလှောင်တမံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

## နိုင်ငံတကာခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်ရည်ရွယ် ညွှန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ပွဲစည်း

**ရန်ကုန် ဩဂုတ် ၉**

နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ရည်ရွယ်ချက်ဖြင့် ညွှန့်ပေါင်းလက်ရွေးစင် ဘောလုံးအသင်းဖွဲ့စည်းနိုင်ရေးလူရွေးချယ်သည့်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၃ ■**